## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေ

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် -- ။ )

၁၃၇၈ ခုနှစ်၊ ----------------- ရက်

(၂၀၁၆ ခုနှစ်၊ --------လ ------ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေ ဟု ခေါ်တွင်စေ ရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည်-

(က) **ကာကွယ်ပေးမှုအစီအမံ** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏမြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းကုန်စည်ကိုထုတ်လုပ်သူ၏ လုပ်ငန်းများ အပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှု များ ဖြစ်ပေါ်လာပါက ကာကွယ်ပေးရန်နှင့် ကုစားမှုပေးရန် ကျင့်သုံးမည့်အစီအမံကို ဆိုသည်။ ယင်းအစီအမံများမှာ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏ ကန့်သတ်ခြင်းတို့ကို ဆိုသည်။

(ခ) **သွင်းကုန်ပမာဏမြင့်တက်ခြင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်း လာသည့် ကုန်ပစ္စည်းတစ်မျိုးမျိုး၏ သွင်းကုန်ပမာဏသည်

ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်ကို ထုတ်လုပ် သော ပြည်တွင်းထုတ်လုပ်မှု ပမာဏထက် သိသာထင်ရှားစွာ မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် မြင့်တက် လာသည့်ပမာဏကိုလည်းကောင်း ဆိုသည်။

(ဂ) **ပြည်တွင်းကုန်စည်ထုတ်လုပ်သူ** ဆိုသည်မှာ အောက်ဖော်ပြပါထုတ်လုပ်သူ သို့မဟုတ် အဖွဲ့ အစည်းကို ဆိုလိုသည်-

(၁) မြန်မာနိုင်ငံအတွင်း အလားတူကုန်စည်ထုတ်လုပ်သူ သို့မဟုတ် တိုက်ရိုက် ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူ၊

(၂) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် ပေါင်းစပ်ထုတ်လုပ်သည့်ကုန်စည်တွင် ပြည်တွင်းအချိုးအစား များပြားစွာ ပါဝင်သည့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ကိုထုတ်လုပ်သူ။

(ဃ) **ပြင်းထန်သောထိခိုက်နစ်နာမှု** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ လုပ်ငန်း ဆိုင်ရာရပ်တည်မှုကို အဘက်ဘက်မှ သိသာထင်ရှားစွာ ထိခိုက်နစ်နာ စေသော အခြေအနေကို ဆိုသည်။

(င) **"ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန်ခြိမ်းခြောက်မှု"** ဆိုသည်မှာ ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းဆိုင်ရာ ရပ်တည်မှုကို ပြင်းထန်သော ထိခိုက်နစ်နာ စေရန် ခြိမ်းခြောက်လာသောသိသာသည့်အခြေအနေကို ဆိုသည်။

(စ) **အလားတူကုန်စည်**ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်သောကုန်စည်သည် စစ်ဆေး ခြင်းခံရသည့် ကုန်စည်နှင့်သွင်ပြင်လက္ခဏာအားလုံး ထပ်တူကျနေခြင်း သို့မဟုတ် ယင်းသို့ ထပ်တူကျခြင်းမရှိသော်လည်း နီးစပ်စွာတူညီသည့် ကုန်စည်ကို ဆိုသည်။

(ဆ) **တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်** ဆိုသည်မှာ ပြည်တွင်းမှထုတ်လုပ်သော ကုန်စည်သည် စစ်ဆေးခြင်းခံရသည့်ကုန်စည်နှင့် ဓာတုဗေဒနည်းလမ်းများအရ ပေါင်းစပ်ဖွဲ့စည်းမှု၊ အခြားလက္ခဏာရပ်များဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြား နားမှုများရှိသော်လည်း အသုံးပြုသည့် ရည်ရွယ် ချက်အရသော်လည်းကောင်း၊ ဈေးကွက်အတွင်း စီးပွားဖြစ်ယှဉ်ပြိုင်မှုအရ သော် လည်းကောင်း တစ်ခုနှင့်တစ်ခုအစားထိုး၍ တိုက်ရိုက် ယှဉ်ပြိုင်အသုံးပြုနိုင်သော ကုန်စည်ကို ဆိုသည်။

(ဇ) **စစ်ဆေးခြင်းခံရသည့်ကုန်စည်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းခံ ရသော ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်ကို ဆိုသည်။

(ဈ) **အကျိုးဝင်ဆက်နွယ်သူများ** ဆိုသည်မှာ စစ်ဆေးခြင်းခံရသည့်ကုန်စည်၊ အလား တူကုန်စည်၊ ယင်းကုန်စည်နှင့် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်များကို ထုတ်လုပ်သူ၊ ယင်းလုပ်ငန်းရှိ အလုပ်သမားများ၏အကျိုးကို ကိုယ်စားပြုသည့် အဖွဲ့အစည်း၊ ရောင်းဝယ်သူ၊ တင်သွင်းသူ၊ ကုန်သည်အသင်းအဖွဲ့နှင့် စစ်ဆေးခြင်းခံ ရသည့်ကုန်စည်ကို ပြည်ပ၌ ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်ပို့သူနှင့်ဆိုင်သော အဖွဲ့ အစည်းများနှင့် ၎င်းနိုင်ငံ၏အစိုးရအဖွဲ့ကို ဆိုသည်။

(ည) **ယာယီကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက် စဉ်ကာလအတွင်းပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန် သော ထိခိုက်နစ်နာမှုကို လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကို လည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အကောက်ခွန်ဥပဒေအရ ကောက်ခံ သည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် ယာယီအကောက်ခွန်ကို ဆိုသည်။

(ဠ) **ကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ် တွေ့ရှိ ဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်း ကုန်စည် ထုတ်လုပ်သူများ အပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု ကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှု ကိုလည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အချိန်ကာလတစ်ခုအထိ စည်းကြပ် ကောက်ခံခြင်းဖြစ်ပြီး အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် အကောက်ခွန်ကို ဆိုသည်။

(ဥ) **သွင်းကုန်ပမာဏကန့်သတ်ခြင်း** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ်တွေ့ရှိ ဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်း ကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်း ခြောက်မှုကိုလည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် စစ်ဆေးခြင်းခံရသည့် ကုန်စည် ၏ တင်သွင်းမှုပမာဏကန့်သတ်ခြင်းကို ဆိုသည်။

(ဦ) **ဖွံ့ဖြိုးဆဲနိုင်ငံ** ဆိုသည်မှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် သတ်မှတ် ထားသော အမည်စာရင်းတွင် ပါဝင်သည့်နိုင်ငံကို ဆိုလိုသည်။

(ဎ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာ ကာကွယ်ပေးမှုအစီအမံဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီး ဌာနမှ တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

(ထ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်စည်တစ်မျိုး၏သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းရှိအလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ ဖြစ်ပေါ်လာပါက ကာကွယ်မှုနှင့် ကုစားမှုပေးနိုင်မည့် အစီအမံများကို ကျင့်သုံး နိုင်စေရန်၊

(ခ) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်စေရန်၊

(ဂ) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုသည် သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ကျိုးကြောင်း ဆက်စပ်မှုရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားနိုင်ရန် အတွက် အဆိုပါသွင်းကုန်အပေါ် လုံလောက်သော ကာကွယ်မှုအခွန်ကို စည်းကြပ် ရန်။

## အခန်း(၃)
## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

**ကော်မတီဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ကိုးဦးထက်မပိုသော အောက်ပါဌာနများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒုတိယဥက္ကဋ္ဌ

ဌာန

(ခ) [illegible] တွဲဖက်[illegible]မှူးကို သတ်[illegible]

(ဂ) ပုဒ်မခွဲ[illegible]သလို ပြင်ဆင်ဖွဲ့စည်းနိုင် သည်။

၅။ ဆက်စပ်သော ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ

ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နှင့်အထက်

ကော အရာထမ်းများ

ာ (၄) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်

်မ အတွင်းရေးမှူး

တီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကာကွယ်ပေးမှုအစီအမံ

ကျင့်သုံးရန်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ဦးစီးဌာနမှ တင်ပြလာသည့် ကနဦးစိစစ်ချက်များအပေါ် စုံစမ်းစစ်ဆေးရန်သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊

(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုသုံးသပ်ချက်များ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဦးစီးဌာနမှတစ်ဆင့် ပြန်လည်တင်ပြလာသည့် စုံစမ်း စစ်ဆေး ချက်များနှင့် အကြံပြု သုံးသပ်ချက်များကို စိစစ်ခြင်း၊

(ဃ) ကာကွယ်ပေးမှုအစီအမံများနှင့်ပတ်သက်သည့် အစီအမံများချမှတ်မှု ၊ သက်တမ်းတိုးမှု သို့မဟုတ် ပြင်ဆင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီး ဌာနကို အကြံပြုခြင်း၊

(စ) ဤဥပဒေကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များထံမှ လိုအပ်သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထား များ တောင်းခံနိုင်ခြင်း၊

(ဆ) ကော်မတီ၏လုပ်ပိုင်ခွင့်ကို ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ထံ တာဝန်ပေးအပ်ခြင်း၊

(ဇ) လိုအပ်ပါက ကော်မတီခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း(၄)

## ဦးစီးဌာနကို တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကာကွယ်ပေးမှုအစီအမံကျင့်သုံးရန် တင်ပြလျှောက်ထားခြင်းအား အထောက်အထား ပြည့်စုံ မှု ရှိ မရှိ ကော်မတီသို့ စိစစ်တင်ပြခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံထားသော စာရင်းဇယား၊ အချက် အလက်၊ သက်သေအထောက်အထားများကို ထိန်းသိမ်းခြင်း၊

(င) ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင် ရွက်ခြင်း၊

(စ) ကော်မတီမှ ပေးအပ်သော အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၈။ ကော်မတီသည် ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အခြားတာဝန်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ ဦးဆောင်ပါဝင်သည့် စုံစမ်းစစ်ဆေး ရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) ကော်မတီ၏ တာဝန်ပေးအပ်မှုအရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေ ရန် ခြိမ်းခြောက်မှုတို့ကို စုံစမ်းစစ်ဆေးခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေ အထောက်အထားများကို အကျိုးဝင်ဆက်နွယ်သူများထံမှ တောင်းခံခြင်း၊

(ဂ) စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း အကျိုးဝင်ဆက်နွယ်သူများမှ စာရင်းဇယား၊ အချက် အလက်၊ သက်သေအထောက်အထားများ၊ ထင်မြင်ယူဆချက်များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်းသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေ အထောက်အထားများကို လိုအပ်ပါက သိမ်းဆည်းထားခြင်း၊

(င) သွင်းကုန်ပမာဏမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်၊ ကျင့်သုံးသင့်သည့်အစီအမံ အမျိုး အစား၊ ပမာဏနှင့်

ကာလတို့ကို အကြံပြုချက်များနှင့်တကွ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊

(စ) ကော်မတီမှ ပေးအပ်လာသည့် အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၆)

## စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း

**ကနဦးစိစစ်ခြင်း**

၁၀။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြင်းထန်စွာထိခိုက်နစ်နာသော ပြည်တွင်းကုန်စည် ထုတ်လုပ်သူ သို့မဟုတ် အဆိုပါကုန်စည်ထုတ်လုပ်သူ၏ ကိုယ်စားလှယ်သည် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် တင်ပြလျှောက်ထား ရမည်။

၁၁။ ဦးစီးဌာနသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက်၅ရက်အတွင်း စုံစမ်း စစ်ဆေးရန် သတ်မှတ်အထောက်အထားအချက်အလက် ပါဝင်မှု ရှိမရှိ ကနဦးစိစစ်၍ ကော်မတီသို့ တင်ပြရမည်။

၁၂။ ကော်မတီသည် ဦးစီးဌာန၏ ကနဦး စိစစ်ချက်များအရ တင်ပြချက်ပေါ်မူတည်၍ အောက်ပါ အတိုင်း ဆုံးဖြတ်ရမည်-

(က) သက်သေအထောက်အထားနှင့် အချက် အလက်များသည် လိုအပ်ချက်များရှိသည်ဟု တင်ပြလာပါက ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးရန် သင့် မသင့်ကို ဆုံးဖြတ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ် ခြင်း၊

**စုံစမ်းစစ်ဆေးခြင်း**

၁၃။ ပုဒ်မ၁၂(ဂ)အရ ဖွဲ့စည်းသောစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တာဝန်ပေးအပ်သည့်နေ့မှစ၍ သွင်းကုန် ပမာဏမြင့်တက်မှုနှင့်

ယင်းကြောင့်ထိခိုက်နစ်နာမှုတို့နှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေး ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၁၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုစတင်မည်ဖြစ်ကြောင်း လျှောက်ထားတင်ပြသူ များနှင့် အကျိုးဝင်ဆက်နွယ်သူများထံသို့ အကြောင်းကြားရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ်သောစာရင်းဇယား၊ အချက် အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွယ်သူများထံမှလည်းကောင်း၊ ကော်မတီ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှလည်းကောင်း တောင်းခံနိုင်သည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရာတွင် အကျိုးဝင်ဆက်နွယ် သူများထံသို့ မေးခွန်းများပေးပို့မေးမြန်းခြင်း၊ အများပြည်သူရှေ့မှောက်ကြားနာခြင်း သို့မဟုတ် အခြားသင့်တော်သောနည်းများဖြင့် ဆောင်ရွက်နိုင်သည်။

**လျှို့ဝှက်သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း**

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များအား လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။

၁၈။ ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်ထားရှိရမည့် အချက်အလက် နှင့် သက်သေအထောက်အထားများကို သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆို ခြင်း မပြုရ။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အနေဖြင့် တင်ပြလာသည့် ကိစ္စရပ်တွင် လိုအပ်ပါ က လျှို့ဝှက်မဟုတ်သည့် အကျဉ်းချုပ်ပုံစံများကိုပါ တင်ပြရန်နှင့် ထိုသို့ တင်ပြနိုင်ခြင်း မရှိပါက အကြောင်းအရင်းကို သက်ဆိုင်သူထံ တောင်းခံနိုင်သည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အဖြစ် တင်ပြသည့်စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့်ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းမရှိလျှင်ဖြစ်စေ၊

လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထား များကို လျှို့ဝှက်မဟုတ်သော အကျဉ်းချုပ်ပုံစံဖြင့် အများပြည်သူသို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူမှ ခွင့်ပြုခြင်းမရှိ လျှင်ဖြစ်စေ ယင်းအချက်အလက်များကို လျှို့ဝှက်အချက်အလက်အဖြစ် ထည့်သွင်းစဉ်းစားခြင်းမှ ချန်လှပ်ထားနိုင်သည်။

## အခန်း(၇)

## ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှုအခွန်စည်းကြပ်ခြင်း

### ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်း

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူ၏လုပ်ငန်းကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက် မှုရှိ မရှိ ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါအချက်အလက်များအပါအဝင် ယင်းကုန်စည်ထုတ်လုပ် သူ၏လုပ်ငန်းနှင့် စပ်လျဉ်းသည့် အခြားလိုအပ်သော အချက်အလက်များကိုပါ ထည့်သွင်း စိစစ်အကဲဖြတ်ရမည်-

(က) မြင့်တက်လာသည့် သွင်းကုန်၏ ပမာဏနှင့်နှုန်းထား

(ခ) ပမာဏမြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သော ဝေစု

(ဂ) ရောင်းချမှုအခြေအနေပြောင်းလဲလာမှု

(ဃ) ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု

(င) ထုတ်လုပ်နိုင်စွမ်းအခြေအနေပြောင်းလဲလာမှု

(စ) အမြတ်နှင့်အရှုံး အခြေအနေပြောင်းလဲလာမှု

(ဆ) အလုပ်သမားခန့်ထားမှုအခြေအနေပြောင်းလဲလာမှု

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်း ထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းတို့အကြား ဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့်

ပြင်းထန်သော ထိခိုက်နစ်နာမှု ဖြစ်စေသည် သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်သည်ဟု ဆုံးဖြတ်ရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် မဟုတ်ဘဲ အခြားသော အကြောင်းတစ်ခုခုကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းကို ထိခိုက်မှုနစ်နာမှု ဖြစ်ပေါ် စေသည်ဟု စိစစ်တွေ့ရှိပါ က ယင်းထိခိုက်နစ်နာမှုမျိုးကို သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်ဟု ဆုံးဖြတ်ခြင်းမပြုရ။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း**

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိခိုက်နစ်နာမှုကို ကနဦးစိစစ်အကဲဖြတ်ချက်အရ ပြည်တွင်း ကုန်စည် ထုတ်လုပ်သူ၏လုပ်ငန်းထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲနိုင်သော အရေးပေါ်အခြေ အနေပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေသည့် ကာလအတွင်း တင်သွင်းလာသည့် ကုန်စည်အပေါ် ယာယီစည်းကြပ်မှု ပြုလုပ်ရန် ကော်မတီသို့ တင်ပြနိုင်သည်။

၂၅။ (က) ကော်မတီသည် အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ၂၄ အရ သင့်လျော်သည့် ယာယီ ကာကွယ်ပေးမှုအကောက်ခွန်ကို စည်းကြပ်နိုင်သည်။

(ခ) ယာယီကာကွယ်ပေးမှုအကောက်ခွန် စည်းကြပ်ရာတွင် အများဆုံး ရက်ပေါင်း ၂၀၀ အထိသာ စည်းကြပ်နိုင်သည်။

## အခန်း(၈)

## ကာကွယ်ပေးမှုအစီအမံများဆုံးဖြတ်ခြင်းနှင့် ကျင့်သုံးအကောင်အထည်ဖော်ခြင်း

**ကာကွယ်ပေးမှုအစီအမံများ ဆုံးဖြတ်ခြင်း**

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် အပြီးသတ်တွေ့ရှိချက်ကို အကြံပြုချက်များနှင့်အတူ ကော်မတီသို့ ဦးစီး ဌာနမှတစ်ဆင့် တင်ပြရမည်။

၂၇။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်း သို့မဟုတ် ပြင်းထန်သော ထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်ခြင်းမရှိကြောင်း တွေ့ရှိပါက ယာယီ ကာကွယ်ပေးမှုအစီအမံကို ရုပ်သိမ်းရမည်။

၂၈။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှု ဖြစ်ပွားကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ ကာကွယ်ပေးမှု အစီအမံများ အနက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ စစ်ဆေးခြင်းခံရသည့် ကုန်စည်အပေါ် စည်းကြပ်နိုင်သည်-

(က) သတ်မှတ်သည့် နှုန်းထားအတိုင်း ကာကွယ်ပေးမှုအကောက်ခွန်ကို ကောက်ခံခြင်း၊

(ခ) သွင်းကုန်ပမာဏ ကန့်သတ်ခြင်း ။

၂၉။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများမှ လုပ်ငန်းပြန်လည်တိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို ကာကွယ်ပေးရန်၊ ကုစားပေးရန် တို့အတွက် လိုအပ်သည့်အတိုင်း အတာအထိသာ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးနိုင်သည်။

**သွင်းကုန်ပမာဏ ကန့်သတ်ခြင်း**

၃၀။ ကော်မတီသည် ပုဒ်မ ၂၉ အရ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးရန် သို့မဟုတ် ကုစားပေးရန် လုံလောက်သော ကျိုးကြောင်းဖော်ပြချက် တွေ့ရှိပါက သွင်းကုန်ပမာဏကန့်သတ်ရာတွင် စစ်ဆေး ခြင်းခံရသည့် ကုန်စည်၏ လွန်ခဲ့သောသုံးနှစ် အတွင်း တင်သွင်းခဲ့သည့် ပျမ်းမျှသွင်းကုန် ပမာဏအောက် လျော့နည်း သော ကန့်သတ်ပမာဏကို သတ်မှတ်နိုင်သည်။

၃၁။ ကော်မတီသည် သွင်းကုန်ပမာဏကန့်သတ်မည်ဆိုပါက မြန်မာနိုင်ငံသို့ စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့ရောင်းချခြင်းဖြင့် အကျိုးစီးပွားအမြောက်အမြားရရှိနေသည့် အဖွဲ့ဝင်နိုင်ငံ အားလုံးနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူရမည်။

၃၂။ ပုဒ်မ၃၁အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့်ပတ်သက်၍ သဘောတူညီမှုမရ ရှိပါက ကော်မတီသည် အဆိုပါနိုင်ငံများမှ လွန်ခဲ့သော၃နှစ်အတွင်း မြန်မာနိုင်ငံသို့ ယင်းကုန်စည် ကို တင်ပို့ရောင်းချခဲ့သည့် စုစုပေါင်းပမာဏ သို့မဟုတ် တန်ဖိုး၏အချိုးအပေါ်မူတည်၍ ကန့်သတ် ပမာဏကို ခွဲဝေသတ်မှတ်ရမည်။

၃၃။ စစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်း လာသည့် ကုန်စည်ဖြစ်ပြီး အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ယင်းနိုင်ငံ များအပေါ် ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးခြင်းမပြုရ-

(က) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့်ပမာဏသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ ၃ ရာခိုင်နှုန်းထက်မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစုပမာဏသည်၃ရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှု သည် မြန်မာနိုင်ငံ အတွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏၉ရာခိုင်နှုန်း ထက် ကျော်လွန်ခြင်းမရှိ သည့် ဝေစုဖြစ်ခြင်း။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်ပြန်အမ်းခြင်း**

၃၄။ သက်ဆိုင်ရာဌာနသည် ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ ကော်မတီမှ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်-

(က) အပြီးသတ်စစ်ဆေးပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှုအကောက်ခွန်သည် စည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်ထက် လျော့နည်းပါ က ကွာခြားမှုပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊

(ခ) ပုဒ်မ၂၇ အရ ကာကွယ်ပေးမှုအစီအမံရပ်စဲသည့် အခြေအနေတွင် ကောက်ခံထား သော ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း။

## အခန်း(၉)

## အသိပေးအကြောင်းကြားခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း

**အသိပေးအကြောင်းကြားခြင်း**

၃၅။ ဦးစီးဌာနသည် ကော်မတီ၏ဆုံးဖြတ်ချက်အရ အသိပေးအကြောင်းကြားမှုကို အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) စုံစမ်းစစ်ဆေးခြင်းမပြုသည့် ဆုံးဖြတ်ချက်ကို တင်ပြလျှောက်ထားသူများနှင့် အကျိုးဝင်ဆက်နွယ်သူများထံသို့ အကြောင်းကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုစတင်မည့် ဆုံးဖြတ်ချက်ကို သင့်လျော်သော နည်းလမ်းဖြင့် အများ ပြည်သူသို့ အသိပေးခြင်း၊

(ဂ) ပုဒ်မ ၂၅(က)အရ ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အများ ပြည်သူသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အသိပေးခြင်း၊

(ဃ) ကော်မတီမှ ကာကွယ်ပေးမှုအစီအမံတစ်ခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ယင်းကုန်စည် တင်ပို့သည့်နိုင်ငံများ၊ အကျိုးဝင်ဆက်နွယ်သူများနှင့် အများပြည်သူသို့ နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ သင့်လျော်သော နည်းလမ်းဖြင့် အသိပေးအကြောင်းကြားခြင်း၊

၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှု အစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ် ချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကာကွယ်ပေးမှုကော်မတီသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အ ကြောင်းကြားပေးပို့ရမည်။

**သတင်းအချက်အလက်တောင်းခံခြင်း**

၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့်အချက်အလက်၊ သက်သေအထောက် အထားများကို သက်ဆိုင်ရာနိုင်ငံ၏ သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီ ထားသည့် အခြားသောနည်းလမ်း တစ်ခုခုအရဖြစ်စေ တောင်းခံနိုင်သည်။

၃၈။ ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရသည် ပုဒ်မ ၃၇ အရ တောင်းခံ

မှုနှင့်စပ်လျဉ်း၍ တောင်းခံသည့်ကော်မတီသို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံသံရုံးမှ တစ်ဆင့် ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်း တစ်ခုခုအရဖြစ်စေ အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း၁၅ရက်အတွင်းသို့မဟုတ် ကော်မတီ ၏ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ပံ့ပိုးပေးရမည်။

၃၉။ အကျုံးဝင်ဆက်နွယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်အရ လျှို့ဝှက်အချက် အလက်နှင့် သက်သေအထောက်အထားများကို အကျဉ်းချုပ်ပုံစံဖြင့် တင်ပြရန် တောင်းခံလာပါက ယင်းအချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြပေးပို့ရမည်ဖြစ်ပြီး ထိုသို့ပေးပို့ နိုင်ခြင်း မရှိပါ က ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြရမည်။

## အခန်း(၁၀)

## ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ကျင့်သုံးသည့်ကာလ

၄၀။ ပုဒ်မ၂၉အရ ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့် ကာလသည် ပြည်တွင်းကုန်စည် ထုတ်လုပ် သည့် လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ရန်၊ ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည် တိုးတက်ရန် အတွက် လိုအပ်သောအချိန်ကာလအထိသာ ဖြစ်ရမည်။

၄၁။ ကာကွယ်ပေးမှုအစီအမံကျင့်သုံးရာတွင် -

(က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလသည် အများဆုံး၄ နှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က)ပါ အစီအမံကာလနှင့် သက်တမ်းတိုးကာလ အပါအဝင် အများဆုံး ၁၀ နှစ် အထိသာ ကျင့်သုံးနိုင်သည်။

(ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ် ကျင့်သုံးမည် ဆိုပါက မူလသက်တမ်းကုန်ဆုံးပြီးနောက် အနည်းဆုံး ၂ နှစ် ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။

၄၂။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းပြန်လည်တိုးတက်ရန် ဆောင်ရွက်နေသော သက်သေအထောက်အထားတင်ပြချက်များသည် သင့်လျော်သည်ဟု ယူဆပါ က ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးသည့်ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်း သက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့် အစီအမံသည် လက်ရှိကျင့်သုံးနေသည့် အစီအမံထက် ကျော်လွန်ခြင်းမပြုရ။

၄၃။ အောက်ဖော်ပြပါ အခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကို အများဆုံးရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းထက်လျော့နည်းသည့် ကာလ အတွင်း ထပ်မံကျင့်သုံးနိုင်သည်-

(က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေးမှုအစီအမံစတင် ကျင့်သုံး သည့်နေ့မှ အနည်းဆုံး ၁ နှစ်အထိ ကျင့်သုံးပြီးနောက် ရပ်ဆိုင်းသွားသည့် အခြေ အနေ၊

(ခ) အစီအမံ စတင်ကျင့်သုံးသည့်နေ့မှ ၅ နှစ်အတွင်း တူညီသည့်ကုန်စည်အပေါ်တွင် နှစ်ကြိမ်ထက်ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။

**အစီအမံကို ဖြေလျှော့ခြင်း**

၄၄။ ကော်မတီသည် ပုဒ်မ ၂၉ အရ ကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ် ထက် ကျော်လွန်သည့် ကိစ္စရပ်တွင် ယင်းအစီအမံကျင့်သုံးမှုကို အဆင့်ဆင့်ဖြေလျှော့ သတ်မှတ်နိုင် သည်။

**ပြန်လည်သုံးသပ်ခြင်း**

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့်ပတ်သက်၍ ဆက်လက်ကျင့်သုံးနိုင် ရန် အခါ အားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ ၃ နှစ်ထက်ကျော်လွန်ကျင့်သုံးသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ယင်းသက်တမ်း တစ်ဝက်ထက်နောက်မကျစေဘဲ ပြန်လည်သုံးသပ်၍ ဆက်လက် ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ကော်မတီသို့ အစီရင်ခံ တင်ပြရမည်။

**ခွဲခြားဆက်ဆံခြင်းမရှိသော ကာကွယ်ပေးမှုအစီအမံ စည်းကြပ်ခြင်း**

၄၆။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်မှုအစီအမံကို ကျင့်သုံးရာတွင် နိုင်ငံများအချင်းချင်းအကြားတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ယင်း ကုန်စည်များတင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန်ကိုမဆို အကျိုးသက်ရောက် မှုရှိစေရမည်။

**အခန်း(၁၁)**

**နိုင်ငံတကာနှင့်ပတ်သက်၍ လိုက်နာရမည့်တာဝန်များ**

၄၇။ ဤဥပဒေသည် ၁၉၉၄ တွင် ပြဋ္ဌာန်းသောကုန်သွယ်မှုနှင့်အကောက်ခွန်ဆိုင်ရာ အထွေထွေ သဘောတူညီချက်နှင့် ကာကွယ်ပေးမှုဆိုင်ရာသဘောတူညီချက်များအပါအဝင် ၁၉၉၄ ခုနှစ်၊ ဧပြီလ
၁၅ရက်နေ့တွင်ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းမှ ပြဋ္ဌာန်းထားသော သဘောတူညီ ချက်များအရ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၄၈။ မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူညီချက် သို့မဟုတ် ဒေသတွင်းသဘောတူညီချက် တစ်ခုခုအရ အဖွဲ့ဝင်နိုင်ငံအနေဖြင့်လိုက်နာရန် ကတိပြုထားသည့် တာဝန်ဝတ္တရားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်

ဆန့်ကျင်ကွဲလွဲမှုများ ပေါ်ပေါက်လာပါက ယင်းသဘော တူညီချက်များပါ စည်းကမ်းချက်များ အတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း(၁၂)

## အထွေထွေ

၄၉။ ဤဥပဒေအရ အကျုံးဝင်ဆက်နွယ်သူများသည် စုံစမ်းစစ်ဆေးနေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း ၍ အများပြည်သူ အကျိုးရှိမရှိကို စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း သက်ဆိုင်သည့်သက်သေ အထောက်အထားများကို ကော်မတီမှသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခွင့် ရှိသည်။

၅၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ် ကောက်ခံသည့် ကာကွယ်ပေးမှုအကောက်ခွန်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှလည်းကောင်း ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ၂၅(က)နှင့် ပုဒ်မ၂၈(က)ပါ အကောက်ခွန်ကောက်ခံခြင်းတို့နှင့် ပုဒ်မ၃၄ပါ အခွန်ငွေ ပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာအခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေတို့၏ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၅၂။ ဝန်ကြီးဌာနသည် ကော်မတီနှင့်စုံစမ်းစစ်ဆေးရေးအဖွဲ့၏ကုန်ကျစရိတ်များကို ကျခံရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**

**နိုင်ငံတော်သမ္မတ**

## သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (The Safeguard Law on Increased Imports ) ရေးဆွဲရခြင်းရည်ရွယ်ချက်

(၁) ကုန်စည်တစ်မျိုး၏ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းရှိအလားတူ ကုန်စည် သို့အဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက် နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ ဖြစ်ပေါ်လာပါက ကာကွယ်မှုနှင့် ကုစား မှုပေးနိုင်မည့် အစီအမံများကို ကျင့်သုံးနိုင်စေရန်၊

(၂) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြင့်တက် နိုင်စေရန်၊

(၃) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုသည် သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ကျိုးကြောင်းဆက်စပ် မှုရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားနိုင်ရန်အတွက် အဆိုပါ သွင်းကုန်အပေါ် လုံလောက်သော ကာကွယ်မှုအခွန်ကို စည်းကြပ်ရန်၊

**သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော**

**ဥပဒေ (မူကြမ်း)နှင့် ယခုပြန်လည်ပြင်ဆင်ထားသော ဥပဒေ (မူကြမ်း) တို့အား နှိုင်းယှဉ်တင်ပြချက်ဇယား**

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ<br>(မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| **သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ်အကာအကွယ်ပေးမှုဥပဒေ**<br>**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် -- ။ )**<br>၁၃၇၇ ခုနှစ်၊ ------------------ ရက်<br>(၂၀၁၅ ခုနှစ်၊ ---------လ ------ ရက်)<br>**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**<br>**အခန်း(၁)**<br>**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**<br>၁။ (က) ဤဥပဒေကို **သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ် ပေးမှုဥပဒေ** ဟုခေါ် တွင်စေရမည်။<br>(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန် သည့် နေ့မှ --- တွင် စတင်၍ အာဏာတည်စေရမည်။ | **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေ**<br>**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် -- ။ )**<br>၁၃၇၈ ခုနှစ်၊ ------------------ ရက်<br>(၂၀၁၆ ခုနှစ်၊ ---------လ ------ ရက်)<br>**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**<br>**အခန်း(၁)**<br>**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**<br>၁။ (က) ဤဥပဒေကို **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ** ဟုခေါ်တွင်စေရမည်။<br>(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာ စာဖြင့် သတ်မှတ်သည့်နေ့မှ စတင်၍ အာဏာတည် စေရမည်။ | သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာ ကွယ်ပေးမှု ဥပဒေ မူကြမ်းအား UNESCAP ၏ နည်းပညာအကူအညီရ ယူ၍ မူကြမ်းပြုစုခဲ့ပြီး ပထမအကြိမ်လွှတ်တော်သို့ ၂၀၁၅ ခုနှစ်တွင် တင်ပြခဲ့သော်လည်း ယင်းလွှတ်တော်ကာလအတွင်း ဆွေးနွေးမှုပြုလုပ်နိုင်ခြင်းမရှိခဲ့သဖြင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလတွင် ထပ်မံတင်ပြရန် |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | | လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးမှုဥပဒေမူကြမ်းအား လက်ရှိအစိုးရအသစ်၏ မူဝါဒများနှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးနှင့် လုပ်ထုံးလုပ်နည်းအညီ ဆောင်ရွက်သွားရန် အစိုးရအဖွဲ့ရုံးမှ အကြောင်းကြားလာသဖြင့် ယင်းဥပဒေမူကြမ်းနှင့် ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင် များနှင့် ဥပဒေအကြံပေး |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | | အဖွဲ့တို့နှင့် တွေ့ဆုံကာ ဥပဒေ မူကြမ်းကို ချပြခြင်း၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၏ အကြံပြုချက်၊သဘောထားမှတ်ချက်များရယူ ခြင်းကိုပြုလုပ်ကာ ဥပဒေမူကြမ်းအပေါ် ပြင်ဆင်ခဲ့ပါသည်။ ထို့နောက် WTO Rules Section နှင့် UNESCAP တို့ထံမှ အကြံပြုချက်များ ထပ်မံ ရယူခဲ့ပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ဆက်လက်ပေးပို့ အကြံ ပြုချက်များ တောင်းခံ ခဲ့ကာ ပြန်ကြားပေးပို့လာသည့်အကြံပြု |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | | ချက်များဖြင့် ပြင်ဆင်ဖြည့်စွက်ကာ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း နိုင်ရေးအဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ |
| **၂။** ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-<br>(က) **"ကာကွယ်မှုအစီအမံများ"** ဆိုသည်မှာ သွင်းကုန်ပမာဏမြင့်တက် ခြင်းကြောင့် ဖြစ်ပေါ်လာသောပြည်တွင်းကုန်စည်ထုတ်လုပ်သူများ ၏ ထိခိုက်မှုကို ကာကွယ်ရန်နှင့် ကုစားရန်အတွက် ကျင့်သုံးမည့် အစီအမံများကို ဆိုသည်။ | ၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြ ပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-<br>(က) **ကာကွယ်ပေးမှုအစီအမံ** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏမြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ပြည်တွင်း ကုန်စည်ကိုထုတ်လုပ်သူ၏ လုပ်ငန်းများ အပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ဖြစ်စေရန် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| (ခ) **"သွင်းကုန်ပမာဏမြင့်တက်ခြင်း"** ဆိုသည်မှာ မြန်မာနိုင်ငံ အတွင်းသို့ ဝင်လာသည့် သွင်းကုန်ပမာဏမြင့်တက်ခြင်းသည် ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် လုံးဝ သို့မဟုတ် များစွာမြင့်တက်လာသည့် ပမာဏကိုဆို သည်။ | ခြိမ်းခြောက်မှုများဖြစ်ပေါ်လာပါက ကာကွယ် ပေးရန်နှင့် ကုစားမှုပေးရန် ကျင့်သုံးမည့် အစီအမံကို ဆိုသည်။ ယင်းအစီအမံများမှာ ယာယီ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ် ပေးမှုအကောက်ခွန် စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏ ကန့်သတ်ခြင်း တို့ကို ဆိုသည်။<br>(ခ) **သွင်းကုန်ပမာဏမြင့်တက်ခြင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန် ပစ္စည်းတစ်မျိုးမျိုး၏ သွင်းကုန်ပမာဏသည် ယင်း ကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက် ယှဉ်ပြိုင်နိုင်သည့်ကုန်စည်ကို ထုတ်လုပ်သော ပြည်တွင်းထုတ်လုပ်မှု | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| (ဂ) **“ပြင်းထန်စွာထိခိုက်မှု”** ဆိုသည်မှာ | ပမာဏထက် သိသာထင်ရှား စွာ မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် မြင့်တက်လာသည့်ပမာဏကိုလည်းကောင်း ဆိုသည်။<br>(ဂ) **ပြည်တွင်းကုန်စည်ထုတ်လုပ်သူ** ဆိုသည်မှာ အောက်ဖော်ပြပါထုတ်လုပ်သူ သို့မဟုတ် အဖွဲ့အစည်း ကို ဆိုလိုသည်-<br>(၁) မြန်မာနိုင်ငံအတွင်း အလားတူကုန်စည်ထုတ် လုပ်သူ သို့မဟုတ် တိုက်ရိုက် ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူ၊<br>(၂) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် ပေါင်းစပ် ထုတ်လုပ်သည့်ကုန်စည်တွင် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
| --- | --- | --- |
| ပြည်တွင်းကုန်စည်ထုတ်လုပ် သူများ၏ ရပ်တည်မှုကို သိသာထင်ရှားစွာ အဘက်ဘက်မှ နစ်နာ စေသော ထိခိုက်မှုတစ်ခုကို ဆို သည်။<br>(ဃ) **“ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန်ခြိမ်းခြောက်မှု”** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ရပ်တည်မှုကို ပြင်းထန်စွာ ထိခိုက်နစ်နာစေမည့် ဖြစ်အံ့ဆဲဆဲ အခြေအနေကို ဆိုသည်။<br>(င) **“အလားတူကုန်စည်”**ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်သည် စစ်ဆေးသည့်ကုန်စည်နှင့်ထပ်တူကျနေခြင်း (သို့မဟုတ်) ဆင်တူနေခြင်း (သို့မဟုတ်) စစ်ဆေးသည့် ကုန်စည်၏ | ပြည်တွင်း အချိုးအစားများပြားစွာ ပါဝင်သည့် အလား တူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင် သော ကုန်စည်ကိုထုတ်လုပ်သူ။<br>(ဃ) **ပြင်းထန်သောထိခိုက်နစ်နာမှု** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ လုပ်ငန်းဆိုင် ရာရပ်တည်မှုကို အဘက်ဘက်မှ သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော အခြေအနေကို ဆိုသည်။<br>(င) **“ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်မှု”** ဆိုသည်မှာ ပြည်တွင်း ကုန်စည် ထုတ်လုပ်သူ၏လုပ်ငန်းဆိုင်ရာ ရပ်တည်မှုကို ပြင်းထန်သော ထိခိုက်နစ်နာစေရန် ခြိမ်းခြောက် လာသော သိသာသည့်အခြေအနေကို ဆိုသည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ<br>(မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| သွင်ပြင်လက္ခဏာများနှင့် အားလုံးနီးပါး ဆင်တူခြင်း မရှိသော် လည်း နီးစပ်စွာတူညီသည့်ကုန်စည်ကို ဆိုသည်။<br><br>(စ) **“တိုက်ရိုက်ယှဉ်ပြိုင်သည့်ကုန်စည်”ဆိုသည်မှာ** စစ်ဆေးသည့် ကုန်စည်နှင့် နည်းပညာအရသော်လည်းကောင်း၊ ဓာတုဆိုင်ရာ ပေါင်းစပ်ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများအရသော်လည်းကောင်း ကွဲပြားခြားနားမှုရှိသော် လည်း အသုံးပြုမှုရည်ရွယ်ချက်အရသော်လည်းကောင်း၊ စီးပွားဖြစ် ယှဉ်ပြိုင်မှုအရသော်လည်းကောင်း အစားထိုးနိုင်သည့် ကုန်စည်ကို ဆိုသည်။ | (စ) **အလားတူကုန်စည်**ဆိုသည်မှာ ပြည်တွင်း၌ ထုတ် လုပ်သောကုန်စည်သည် စစ်ဆေးခြင်းခံရသည့် ကုန် စည်နှင့်သွင်ပြင်လက္ခဏာအားလုံး ထပ်တူကျနေခြင်း သို့မဟုတ် ယင်းသို့ ထပ်တူကျခြင်းမရှိသော်လည်း နီးစပ်စွာတူညီသည့် ကုန်စည်ကိုဆိုသည်။<br>(ဆ) **တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်** ဆိုသည်မှာ ပြည်တွင်းမှထုတ်လုပ်သော ကုန်စည်သည် စစ်ဆေး ခြင်းခံရသည့်ကုန်စည်နှင့် ဓာတုဗေဒနည်းလမ်းများ အရ ပေါင်းစပ်ဖွဲ့စည်းမှု၊ အခြားလက္ခဏာရပ်များ ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာ ပိုင်းဆိုင်ရာ ကွဲပြားခြားနားမှုများရှိသော်လည်း | |

| **လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း)** | **ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း)** | **ကျိုးကြောင်းဖော်ပြချက်** |
|---|---|---|
| (ဆ ) **“စစ်ဆေးသည့်ကုန်စည်”** ဆိုသည်မှာ ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ ပြင်းထန်စွာထိခိုက်မှု သို့မဟုတ် ပြင်းထန် သောထိခိုက်နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်မှုကို ပေါ်ပေါက်စေ သော ကုန်စည်ကိုဆိုသည်။<br>(ဇ) **“ပြည်တွင်းကုန်စည်ထုတ်လုပ်သူ”** ဆိုသည်မှာ အောက်ဖော်ပြပါ ထုတ်လုပ်သူများ ကို ဆိုလိုသည်-<br>(၁) မြန်မာနိုင်ငံအတွင်း အလားတူကုန်စည်ထုတ်လုပ်သူများ သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ် သူများ<br>(၂) ပေါင်းစပ်ထုတ်လုပ်သည့်ကုန်စည်တွင် ပြည်တွင်းမှ ကြီးမား သောအချိုးအစား ပါဝင်ထုတ်လုပ်သည့် အလားတူကုန်စည် ကိုဖြစ်စေ၊ | အသုံးပြုသည့် ရည်ရွယ်ချက်အရသော်လည်းကောင်း၊ ဈေးကွက်အတွင်း စီးပွားဖြစ်ယှဉ်ပြိုင်မှုအရသော် လည်းကောင်း တစ်ခုနှင့်တစ်ခုအစားထိုး၍ တိုက်ရိုက် ယှဉ်ပြိုင်အသုံးပြုနိုင်သော ကုန်စည်ကိုဆိုသည်။<br>(ဇ) **စစ်ဆေးခြင်းခံရသည့်ကုန်စည်** ဆိုသည်မှာ ဤဥပဒေအရ စုံးစမ်းစစ်ဆေးခြင်း ခံရသော ပြည်ပမှ တင်သွင်းလာသည့်ကုန်စည်ကို ဆိုသည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
| --- | --- | --- |
| တိုက်ရိုက်ယှဉ်ပြိုင်သည့် ကုန်စည်ကိုဖြစ်စေ ထုတ်လုပ်သူများ<br>(ဈ) **"အကျိုးဝင်ဆက်နွယ်သူများ"** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်-<br>(၁) စစ်ဆေးသည့်ကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် ယင်းကုန်စည်နှင့် တိုက်ရိုက်ယှဉ်ပြိုင်သည့်ကုန်စည် သို့မ ဟုတ် အစားထိုးယှဉ်ပြိုင်နိုင်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်သူများ၊ ရောင်းဝယ်သူများ၊ တင်သွင်း သူများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ထုတ်လုပ်သည့် လုပ်ငန်း၊ စက်ရုံနှင့် ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းရှိ အလုပ်သမားများ၏အကျိုးကို ကိုယ်စားပြုသည့် အလုပ်သမား အဖွဲ့အစည်းများ။ | (ဈ) **အကျိုးဝင်ဆက်နွယ်သူများ** ဆိုသည်မှာ စစ်ဆေး ခြင်းခံရသည့်ကုန်စည်၊ အလားတူကုန်စည်၊ ယင်းကုန်စည်နှင့် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန် စည်များကို ထုတ်လုပ်သူ၊ ယင်းလုပ်ငန်းရှိ အလုပ် သမားများ၏အကျိုးကို ကိုယ်စားပြုသည့်အဖွဲ့ အစည်း၊ ရောင်းဝယ်သူ၊ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| (၂) စစ်ဆေးသည့်ကုန်စည်ကို ပြည်ပ၌ ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်ပို့သူနှင့်ဆိုင်သော အသင်းအဖွဲ့များနှင့် ၎င်းနိုင်ငံ၏ အစိုးရအဖွဲ့။<br>(ည) **"ယာယီအကာအကွယ်ပေးမှုအခွန်"** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ်ကာလအတွင်း ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ ထိခိုက်မှုကို ယာယီအားဖြင့် ကာကွယ်မှု ပြုရန် ကနဦးစည်းကြပ်သည့် အခွန်ကိုဆိုသည်။ | တင်သွင်းသူ၊ ကုန်သည် အသင်းအဖွဲ့နှင့် စစ်ဆေးခြင်းခံရသည့်ကုန်စည်ကို ပြည်ပ၌ ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်ပို့သူနှင့်ဆိုင် သော အဖွဲ့အစည်းများနှင့် ၎င်းနိုင်ငံအစိုးရအဖွဲ့ကို ဆိုသည်။<br>(ည) **ယာယီကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ် ကာလအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ အပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုလည်း ကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်း ကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | အကောက်ခွန် ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် ယာယီအကောက်ခွန်ကို ဆိုသည်။<br>(ဋ) **ကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ် တွေ့ရှိဆုံးဖြတ်ချက်အရ သွင်း ကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်း ထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ကာကွယ်မှု ပေးနိုင်ရန်အတွက်အချိန်ကာလတစ်ခုအထိ စည်းကြပ် ကောက်ခံခြင်းဖြစ်ပြီး အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| (ဠ) **"ဖွံ့ဖြိုးဆဲနိုင်ငံ"**ဆိုသည်မှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲနိုင်ငံများ စာရင်းတွင် သတ်မှတ်ထားသောအမည်စာရင်းတွင် ပါဝင်သည့် နိုင်ငံကို ဆိုလိုသည်။<br>(ဋ) **"ကော်မတီ"** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွင်းကုန် ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှု ကော်မတီ ကို သည်။<br>(ဍ) **"ဝန်ကြီးဌာန"** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။<br>(ဎ) **"ဦးစီးဌာန"**ဆိုသည်မှာ | အကောက်ခွန်အပြင် ထပ်တိုးစည်း ကြပ်သည့် အကောက်ခွန်ကိုဆိုသည်။<br>(ဌ) **သွင်းကုန်ပမာဏကန့်သတ်ခြင်း** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ်တွေ့ရှိဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ကာကွယ်မှု ပေးနိုင်ရန်အတွက် စစ်ဆေးခြင်းခံရသည့် ကုန်စည် တင်သွင်းမှု ပမာဏကန့်သတ်ခြင်းကို ဆိုသည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီး ဌာနမှတာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။ | (ဍ) **ဖွံ့ဖြိုးဆဲနိုင်ငံ** ဆိုသည်မှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲ နိုင်ငံများစာရင်းတွင် သတ်မှတ်ထားသော အမည် စာရင်းတွင် ပါဝင်သည့်နိုင်ငံကို ဆိုလိုသည်။<br>(ဎ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ကော်မတီကို ဆိုသည်။<br>(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။<br>(တ) **ဦးစီးဌာန** ဆိုသည်မှာ ကာကွယ်ပေးမှုအစီအမံဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။<br>(ထ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ကိစ္စရပ်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်း တာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။ | |
| အခန်း(၂)<br>**ရည်ရွယ်ချက်**<br>၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(က) ပြည်တွင်းသို့ဝင်ရောက်လာသော သွင်းကုန်ပမာဏမြင့်တက်လာ ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ များ၏ ထိခိုက်နစ်နာမှုများကို ယာယီအားဖြင့် ကုစားကာကွယ်ရန်၊<br>(ခ) အချိန်အတိုင်းအတာတစ်ခုအတွင်း | **အခန်း(၂)**<br>**ရည်ရွယ်ချက်**<br>၃။<br>ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-<br>(က) ကုန်စည်တစ်မျိုး၏သွင်းကုန်ပမာဏ မြင့်တက်ခြင်း ကြောင့် ပြည်တွင်းရှိအလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ် သူ များအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ ဖြစ်ပေါ်လာပါက | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ပြည်တွင်းကုန်စည်ထုတ်လုပ် သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်ရန်၊ | ကာကွယ်မှုနှင့်ကုစားမှုပေးနိုင်မည့် အစီအမံများကို ကျင့်သုံးနိုင်စေရန်၊<br>(ခ) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင် စေရန်၊<br>(ဂ) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုသည် သွင်းကုန် ပမာဏမြင့်တက်မှုနှင့် ကျိုးကြောင်း ဆက်စပ်မှုရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားနိုင်ရန်အတွက် အဆိုပါသွင်းကုန်အပေါ် လုံလောက် သော ကာကွယ်မှုအခွန်ကို စည်းကြပ်ရန်။ | |
| **အခန်း(၃)**<br>**သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ်အကာအကွယ်ပေးမှုကော်မတီ ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းတာဝန်များ** | **အခန်း(၃)**<br>**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ** | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ<br>(မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| **ကော်မတီဖွဲ့စည်းခြင်း**<br>၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်<br>(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှု ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-<br>(၁) ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာန — ဥက္ကဋ္ဌ<br>(၂) ဒုတိယဝန်ကြီး၊စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ-၁<br>(၃) ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌ ာန — ဒုတိယဥက္ကဋ္ဌ-၂<br>(၄) ကုန်သွယ်မှု၊စီးပွားရေး၊နိုင်ငံခြားရေး ၊ စိုက်ပျိုးရေး၊အလုပ်သမားတို့နှင့် ဆက်စပ်သောဝန်ကြီးဌာနများမှ — အဖွဲ့ဝင်များ | **ကော်မတီဖွဲ့စည်းခြင်း**<br>၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-<br>(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ကော်မတီကို ကိုးဦးထက်မပိုသောအောက်ပါ ဌာန များမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ရမည်-<br>(၁) ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ<br>(၂) ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန — ဒုတိယ ဥက္ကဋ္ဌ<br>(၃) ကုန်သွယ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေး၊ စိုက်ပျိုးရေး၊ အလုပ်သမား ရေးရာတို့နှင့် ဆက်စပ်သော ဝန်ကြီးဌာန များမှ — အဖွဲ့ဝင် များ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ်များ<br>(၅) အစိုးရမဟုတ်သောအဖွဲ့အစည်း အဖွဲ့ဝင်များ များမှကျွမ်းကျင်သူကိုယ်စား လှယ်အများဆုံး(၃ )ဦး<br>(၆) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး | သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နှင့်အထက်အရာထမ်းများ<br>(၄) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး | |
| (ခ) ပုဒ်မခွဲ (က)အရ ကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက် အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။ ကော်မတီ၏အဖွဲ့ဝင်တိုင်းသည် နိုင်ငံတကာကုန်သွယ်ရေး၊ နိုင်ငံတကာ စီးပွားရေး၊ စာရင်းအင်းနှင့် ဘဏ္ဍာရေး၊ နိုင်ငံတကာ ကုန်သွယ်မှု ဥပဒေများ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် စီးပွားရေး ဆိုင်ရာအုပ်ချုပ်မှု စသော ကဏ္ဍများမှ ကျွမ်းကျင်သူများ | (ခ) ပုဒ်မခွဲ(က)အရ ကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို သတ်မှတ်တာဝန် ပေးအပ်နိုင်သည်။<br>(ဂ) ပုဒ်မခွဲ(က)အရဖွဲ့စည်းထားသောကော်မတီကို | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ဖြစ်ရမည်။<br>(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | |
| **ကော်မတီ၏ လုပ်ငန်းတာဝန်များ**<br>၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(က) ဤဥပဒေအရ စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ခြင်း<br>(ခ) စုံစမ်းစစ်ဆေးအကြံပြုချက်များအပေါ် စိစစ်ခြင်း<br>(ဂ) ကာကွယ်မှုအစီအမံများကို စိစစ်ဆုံးဖြတ်ခြင်း<br>(ဃ) ဤဥပဒေအကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် အမိန့် ညွှန်ကြားစာများ ထုတ်ပြန်နိုင်ရန် ဝန်ကြီးဌာနအား အကြံပြုခြင်း<br>(င) လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း | ၅။ ကော်မတီ၏ လုပ်ငန်းတာဝန် နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(က) ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနမှ တင်ပြလာသည့် ကနဦးစိစစ်ချက်များ အပေါ် ဆက်လက် စုံစမ်း စစ်ဆေးရန်သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊<br>(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြု သုံးသပ်ချက်များ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေး ရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း၊<br>(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဦးစီးဌာနမှတစ်ဆင့် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ပြန်လည်တင်ပြလာသည့် စုံစမ်းစစ်ဆေးချက်များနှင့် အကြံပြုသုံးသပ်ချက်များကို စိစစ်ခြင်း၊<br>(ဃ) ကာကွယ်ပေးမှုအစီအမံများနှင့်ပတ်သက်သည့် အစီအမံများချမှတ်မှု ၊ သက်တမ်းတိုးမှု သို့မဟုတ် ပြင်ဆင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း၊<br>(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနကို အကြံပြုခြင်း၊<br>(စ) ဤဥပဒေကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက် အထားများ တောင်းခံနိုင်ခြင်း၊ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
| --- | --- | --- |
| | (ဆ) ကော်မတီ၏လုပ်ပိုင်ခွင့်ကို ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ထံ တာဝန်ပေးအပ်ခြင်း၊<br>(ဇ) လိုအပ်ပါက ကော်မတီခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။ | |
| ၆။ ကော်မတီ၏ ကျွမ်းကျင်သူအဖွဲ့ဝင်များအား သုံးနှစ်တာကာလအတွက်ခန့်အပ်ရမည်ဖြစ်ပြီး ထပ်မံ၍ပြန်လည် ခန့်အပ်နိုင်သည်။ သို့သော်လည်း သက်တမ်းနှစ်ကြိမ်ထက် ပိုမို၍ တာဝန်ပေးခြင်းမရှိစေရ။ ကျွမ်းကျင်သူအဖွဲ့ဝင်များ၏ သက်တမ်းပြည့်မှုပေါ်မူတည်၍ ၎င်းတို့၏နေရာများတွင် လွှဲပြောင်း လက်ခံမည့် အသစ်ခန့်အပ်သောအဖွဲ့ဝင်များ မရောက်လာမီအထိ ကော်မတီ၏ ကျွမ်းကျင်သူ အဖွဲ့ဝင်များအား ဆက်လက်တာဝန်ထမ်းဆောင်စေရမည်။ | | |
| ၇။ ကော်မတီတွင်ပါဝင်သောကျွမ်းကျင်သူအဖွဲ့ဝင်များ၏တာဝန်များ | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| အား ၎င်းတို့၏ သက်တမ်းကုန်ဆုံးသည့်အချိန်တွင် စွန့်ခွာရမည်ဖြစ်သည့်အပြင် အောက် ဖော်ပြပါအခြေအနေများ ကျရောက်ပါကလည်း တာဝန်မှ ဖယ်ရှားပေးရမည်-<br>(က) ကွယ်လွန်ခြင်း<br>(ခ) မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း<br>(ဂ) မိမိ၏တာဝန်ဝတ္တရားများကို စွမ်းဆောင်နိုင်ခြင်းမရှိကြောင်း ပြည်ထောင်စုအစိုးရ အဖွဲ့မှစ၍ ဆုံးဖြတ်ခြင်းအရ တာဝန်မှ ဖယ်ရှားခြင်း | | |
| ၈။ ကော်မတီမှ ကျွမ်းကျင်သူအဖွဲ့ဝင်တစ်ဦး၏ သက်တမ်းကာလမကုန်ဆုံးမီ ၎င်းတာဝန်မှ နုတ်ထွက်ခြင်း သို့မဟုတ် ရာထူးမှရပ်စဲခြင်း သို့မဟုတ် ကွယ်လွန်ခြင်းရှိပါက ကျန်ရှိသည့်ရာထူး သက်တမ်းအတွက် ဤဥပဒေပါ သတ်မှတ် ချက်များနှင့် ညီညွတ်သောသင့်လျော်သူတစ်ဦးကို ဖြည့်စွက်ခန့်ထားရမည်။ ယင်းသို့ ဖြည့်စွက်ခန့်ထားခြင်းကို လစ်လပ်မှုပေါ်ပေါက်သည့်နေ့မှ သုံးလအတွင်း ပြုလုပ် ရမည်။ | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | **အခန်း(၄)**<br>**ဦးစီးဌာနကို တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ**<br>၆။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနကို တာဝန် ပေးအပ်ရမည်။ | |
| | ၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -<br>(က) ကာကွယ်ပေးမှုအစီအမံကျင့်သုံးရန် တင်ပြလျှောက် ထားခြင်းအား အထောက်အထား ပြည့်စုံမှု ရှိ မရှိ ကော်မတီသို့ စိစစ်တင်ပြခြင်း၊<br>(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်း၊<br>(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကော်မတီသို့ အစီရင်ခံ တင်ပြခြင်း၊<br>(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံ ထားသော စာရင်းဇယား၊ အချက်အလက်၊ သက်သေ အထောက်အထားများကို ထိန်းသိမ်းခြင်း၊<br>(င) ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်း ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခြင်း၊<br>(စ) ကော်မတီမှ ပေးအပ်သော အခြားသောလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။ | |
| **အခန်း(၄)**<br>**စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ** | **အခန်း(၅)**<br>**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်** | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| **စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း**<br>၉ ။ **ကော်မတီသည်** ဤဥပဒေအရ စုံစမ်းစစ်ဆေးစိစစ်မှုပြုလုပ်နိုင်ရန် ဦးစီးဌာန တစ်ခုမှ ဦးဆောင်၍ သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ | **လုပ်ငန်းတာဝန်များ**<br>**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**<br>၈။ ကော်မတီသည် ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အခြား တာဝန်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ ဦးဆောင်ပါဝင်သည့် စုံစမ်းစစ်ဆေး ရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ | |
| ၁၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-<br>(က) ပြည်တွင်းသို့ဝင်ရောက်လာသော သွင်းကုန်ပမာဏမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ပြင်းထန်စွာထိခိုက်မှု (သို့မဟုတ်) ပြင်းထန်သော | **စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**<br>၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်း ဖြစ်သည်-<br>(က) ကော်မတီ၏ တာဝန်ပေးအပ်မှုအရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်း ကုန်စည်ထုတ် လုပ်သူများအပေါ် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ထိခိုက်နစ်နာမှုဖြစ်စေရန်ခြိမ်းခြောက်မှုကို စစ်ဆေးရန်။<br>(ခ) ကာကွယ်မှုအစီအမံကျင့်သုံးအကောင်အထည်ဖော်ရန်အတွက် အကြိုးဝင်သော တင်သွင်းကုန်စည်ကို ဖော်ထုတ်ရန်။<br>(ဂ) သွင်းကုန်ပမာဏမြင့်တက်လာခြင်းအကျိုးဆက်ကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူများကို ပြင်းထန်စွာထိခိုက်မှု သို့မဟုတ် ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန်ခြိမ်းခြောက်မှုနှင့်ပတ်သက် သည့် ရှာဖွေတွေ့ရှိချက်အပါအဝင် ၎င်းတို့၏ တွေ့ရှိချက်များနှင့် အစီအမံများစည်းကြပ်ရန် အကြံပြုချက်များဖြင့် ကော်မတီသို့ တင်ပြရန်။ | ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ကို စုံစမ်းစစ်ဆေးခြင်း၊<br>(ခ) စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွယ်သူများထံမှ တောင်းခံခြင်း၊<br>(ဂ) စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း အကျိုးဝင် ဆက်နွယ်သူများမှ စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ၊ ထင်မြင်ယူဆချက် များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာနိုင် ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | (ဃ) စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်းသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေ အထောက်အထားများကို လိုအပ်ပါက သိမ်းဆည်းထားခြင်း၊<br>(င) သွင်းကုန်ပမာဏမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ် လာသည့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ အပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်၊ ကျင့်သုံးသင့်သည့် အစီအမံ အမျိုး အစား၊ ပမာဏနှင့်ကာလတို့ကို အကြံပြုချက်များ နှင့်တကွ ဦးစီးဌာနမှ တစ်ဆင့် ကော်မတီသို့ တင်ပြ ခြင်း၊ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | (စ) ကော်မတီမှ ပေးအပ်လာသည့် အခြားသောလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။ | |
| **အခန်း(၅)**<br>**စုံစမ်းစစ်ဆေးခြင်း**<br>**စိစစ်ဆုံးဖြတ်ရန်စတင်ခြင်း**<br>၁၁။ (က) ပြည်တွင်းမှ အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်သည့်ကုန်စည် ထုတ်လုပ်သူ သို့မဟုတ် အစားထိုးယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ၎င်းထုတ်လုပ်သူ၏ ကိုယ်စား လှယ်သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏ထိခိုက်မှုတို့ကို တွေ့ရှိပါက ကာကွယ်မှုအစီအမံ ကျင့်သုံးနိုင်ရန် ကော်မတီသို့ တင်ပြလျှောက်ထားခွင့်ရှိသည်။ | **အခန်း(၆)**<br>**စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း**<br>**ကနဦးစိစစ်ခြင်း**<br>၁၀။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြင်းထန်စွာထိခိုက် နစ်နာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူ သို့မဟုတ် အဆိုပါကုန်စည်ထုတ်လုပ်သူ၏ ကိုယ်စား လှယ်သည် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် တင်ပြလျှောက်ထားရမည်။<br>၁၁။ ဦးစီးဌာနသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အလုပ် လုပ်ရက် ၅ ရက်အတွင်း စုံစမ်းစစ်ဆေးရန် သတ်မှတ် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| (ခ) ကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေး အဖွဲ့သည် လျှောက်ထားလာမှုကိုလက်ခံရရှိပါက သတ်မှတ်ထား သည့် အချက်အလက်များ၊ အထောက်အထားများနှင့်စပ်လျဉ်း၍ တိကျမှန်ကန်မှု၊ ပြည့်စုံလုံလောက်မှု ရှိ/မရှိကို ပဏာမစိစစ်မှု ပြုလုပ်ရမည်။ | အထောက် အထားအချက်အလက် ပါဝင်မှု ရှိမရှိ ကနဦးစိစစ်၍ ကော်မတီသို့ တင်ပြရမည်။<br>၁၂။ ကော်မတီသည် ဦးစီးဌာန၏ ကနဦးစိစစ်ချက်များအရ တင်ပြချက်အပေါ် မူတည်၍ အောက်ပါအတိုင်း ဆုံးဖြတ်ရမည်-<br>(က) သက်သေအထောက်အထားနှင့် အချက်အလက်များ သည် လိုအပ်ချက်များရှိသည်ဟု တင်ပြလာပါက ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း၊<br>(ခ) စုံစမ်းစစ်ဆေးရန် သင့်မသင့်ကို ဆုံးဖြတ်ခြင်း၊<br>(ဂ) စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း။ | |
| ၁၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မှန်ကန်သောအထောက်အထား | **စုံစမ်းစစ်ဆေးခြင်း** | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ပါဝင်သည့် လျှောက်လွှာတစ်ခုလက်ခံရရှိသည်နှင့် ရက်ပေါင်း(၃၀)အတွင်း လျှောက်လွှာတွင် ပါဝင်သည့် အထောက်အထားများကို ပဏာမစစ်ဆေးပြီးနောက် ကော်မတီမှ အဆုံးအဖြတ်ပေးနိုင်ရန် အောက်ပါအချက်များကို တင်ပြရမည်-<br>(က) လျှောက်လွှာသည် ပဏာမ စစ်ဆေးမှုတစ်ခုအတွက် လိုအပ်ချက်များ ပြည့်စုံမှုမရှိပါက အချက်အလက်ပြည့်စုံမှုမရှိခြင်း၊<br>(ခ) ပဏာမစစ်ဆေးမှုတစ်ခုအရ လျှောက်လွှာသည် လိုအပ်ချက်များ ပြည့်စုံမှုရှိပါက စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်နိုင်ခြင်း၊<br>၁၃။ ပုဒ်မ ၁၂ (ခ)အရ ကော်မတီက သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူ၏ ထိခိုက်မှုတို့ကိုတွေ့ရှိ၍ စစ်ဆေးရန်ဆုံးဖြတ်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့အား တာဝန်ပေးပါက ယင်းအဖွဲ့သည် နှောင့်နှေးမှုမရှိ ဘဲ စစ်ဆေးမှုတစ်ခုကို စတင်ရမည်။ | ၁၃။ ပုဒ်မ ၁၂(ဂ)အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တာဝန်ပေးအပ်သည့်နေ့မှစ၍ သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ယင်းကြောင့် ထိခိုက်နစ်နာမှုတို့နှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ကို စတင်ဆောင်ရွက်ရမည်။<br>၁၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုစတင်မည်ဖြစ်ကြောင်း လျှောက်ထားတင်ပြသူများနှင့် အကျိုးဝင်ဆက်နွယ်သူ များထံသို့ အကြောင်းကြားရမည်။<br>၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ် သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ ကို အကျိုးဝင်ဆက်နွယ်သူများထံမှလည်းကောင်း၊ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှလည်းကောင်း တောင်းခံနိုင်သည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက် ရာတွင် အကျိုးဝင်ဆက်နွယ်သူများထံသို့ မေးခွန်းများ ပေးပို့မေးမြန်း ခြင်း၊ အများပြည်သူ ရှေ့မှောက်ကြားနာခြင်း သို့မဟုတ် အခြား သင့်တော်သောနည်းများဖြင့်မေးမြန်းခြင်းကို ဆောင်ရွက်နိုင်သည်။ | |
| **အများပြည်သူအား အသိပေးခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း**<br>၁၄။ (က) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးမှုစတင်ရန်ကော်မတီမှ ဆုံးဖြတ်ချက်ချပြီး နောက် စိစစ်ရရှိချက်များကို အများပြည်သူသို့ အသိပေးထုတ်ပြန်ရမည်။<br>(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှောက်ထားတင်ပြသူများနှင့် အခြား အကျိုးဝင် ဆက်နွယ်သူများထံသို့ စစ်ဆေးမှု စတင်မည်ဖြစ် ကြောင်း အကြောင်းကြားရမည်။<br>(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် စုံစမ်းစစ်ဆေးစဉ်အတွင်း ကာကွယ်မှုအစီအမံတစ်ခုကို အသုံးချခြင်းသည် | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| အများပြည်သူ အကျိုးရှိနိုင်ခြင်း ရှိ သို့မဟုတ် မရှိတို့ကို တင်သွင်းသူ၊ တင်ပို့သူ များနှင့် အခြားအကျိုးဝင်ဆက်နွှယ်သူများမှ တင်ပြ လျှောက်ထားနိုင်မည့် ထင်မြင်ချက်များ၊ အထောက်အထားများနှင့် သက်သေများ တင်ပြပေးနိုင်ရန် အခွင့်အရေးပေးရမည်။ တင်ပြသည့် အထောက် အထားများနှင့် သက်သေများသည် ကော်မတီက သတ်မှတ်ပြဋ္ဌာန်း ထားသောအခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့် အညီဖြစ်ရမည်။<br>(ဃ) ကော်မတီသည် လိုအပ်ပါက ပြည်ပတင်ပို့သူများ၊ ပြည်ပထုတ်လုပ် သူများနှင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရထံမှ မည်သည့်သတင်း အချက်အလက်ကိုမဆို သက်ဆိုင်ရာနိုင်ငံ၏ ကိုယ်စားလှယ် သံရုံးမှတစ်ဆင့် တောင်းခံနိုင်သည်။ အကြောင်းကြားစာ ရရှိသည့် နေ့မှ ရက်ပေါင်း (၁၅)ရက်အတွင်း သို့မဟုတ် စစ်ဆေးရေးအဖွဲ့မှ ဖော်ပြချက်များအတွက် လုံလောက်နိုင်သည်ဟု | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ခွင့်ပြုထားသော သက်တမ်းတိုးကာလ အတွင်း ယင်းသတင်းအချက်အလက် များကို ပံ့ပိုးပေးရမည်။ | | |
| **လျှို့ဝှက်သတင်းအချက်အလက်အပေါ် ဆောင်ရွက်မှု**<br>၁၅။ လျှို့ဝှက်ထားရှိရမည့် အချက်အလက်နှင့်ပတ်သက်၍ သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိပါက လျှို့ဝှက်အနေဖြင့်သာ ဆောင်ရွက်ရမည်။ စုံစမ်းစစ်ဆေးရေး အဖွဲ့သည် သက်ဆိုင်သူအားလျှို့ဝှက် မဟုတ်သည့် အကျဉ်းချုပ်ပုံစံဖြင့် တင်ပြရန်နှင့် အကျဉ်းချုပ်ပုံစံဖြင့် ပေးပို့နိုင်ခြင်းမရှိပါက ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အကြောင်းရင်းကို သက်ဆိုင်သူထံ တောင်းခံနိုင်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်အချက်အလက်အား အာမခံချက်မရှိကြောင်း ယူဆခြင်းဖြစ်စေ၊ အချက် အလက်ပေးပို့သူမှ သတင်းအချက်အလက်ဖြန့်ဝေရန် ဆန္ဒမရှိကြောင်း သို့မဟုတ် အကျဉ်းချုပ်ပုံစံဖြင့် ထုတ်ဖော်ကြေညာရန် ခွင့်ပြုလိုခြင်းမရှိကြောင်း တင်ပြလာသည် ဖြစ်စေ ယင်းအချက်အလက်များကို ချန်လှပ်ထားနိုင်သည်။ | **လျှို့ဝှက်သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း**<br>၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ် များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက် များအား လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။<br>၁၈။ ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက် ထားရှိရမည့် အချက်အလက်နှင့် သက်သေအထောက်အထားများကို သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။<br>၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အနေဖြင့် တင်ပြလာသည့် ကိစ္စရပ်တွင် လိုအပ်ပါက လျှို့ဝှက်မဟုတ်သည့် အကျဉ်းချုပ်ပုံစံများကိုပါ တင်ပြရန်နှင့် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ထိုသို့ တင်ပြနိုင်ခြင်းမရှိပါက အကြောင်းအရင်းကို သက်ဆိုင်သူထံ တောင်းခံနိုင်သည်။<br>၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အဖြစ် တင်ပြသည့်စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထား များကို လျှို့ဝှက်အဆင့်ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းမရှိလျှင် ဖြစ်စေ၊ လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်၊ သက်သေ အထောက် အထားများကို လျှို့ဝှက်မဟုတ်သော အကျဉ်းချုပ်ပုံစံဖြင့် အများပြည်သူ သို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူမှ ခွင့်ပြုခြင်းမရှိလျှင်ဖြစ်စေ ယင်းအချက် အလက်များကို လျှို့ဝှက်အချက်အလက်အဖြစ် ထည့်သွင်း စဉ်းစားခြင်းမှ ချန်လှပ်ထားနိုင်သည်။ | |
| **အခန်း(၆)**<br>**ထိခိုက်မှုကို ဆန်းစစ်ခြင်း၊ စိစစ်သတ်မှတ်ခြင်းနှင့် ယာယီအကာအကွယ်ပေးမှုအခွန်စည်းကြပ်ခြင်း**<br>**ပြင်းထန်စွာထိခိုက်မှု(သို့မဟုတ်) ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန်** | **အခန်း(၇)**<br>**ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှုအခွန်စည်းကြပ်ခြင်း**<br>**ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်း** | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| **ခြိမ်းခြောက်မှုကို ဆန်းစစ်ခြင်း**<br>၁၆။ သွင်းကုန်ပမာဏမြင့်တက်ခြင်းသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူကို ထိခိုက်ခြင်း ရှိ/ မရှိ ဆုံးဖြတ်ရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ယင်း ကုန်စည် ထုတ်လုပ်သူ၏ လုပ်ငန်းချောမွေ့စွာ လည်ပတ်စေနိုင်သော အမှန်တကယ် ရေတွက်တိုင်းတာနိုင်သည့် အချက်အလက်များအားလုံးကို ဆန်းစစ်အကဲဖြတ်ရမည်။ | ၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်း ကြောင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူ၏လုပ်ငန်းကို ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုရှိ မရှိ ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါအချက်အလက်များ အပါအဝင် ယင်း ကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သော အချက်အလက်များကိုပါ ထည့်သွင်းစိစစ်အကဲဖြတ်ရမည်-<br>(က) မြင့်တက်လာသည့် သွင်းကုန်၏ ပမာဏနှင့်နှုန်းထား<br>(ခ) ပမာဏမြင့်တက်ဝင်ရောက်လာသည့်သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သောဝေစု<br>(ဂ) ရောင်းချမှုအခြေအနေပြောင်းလဲလာမှု | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | (ဃ) ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု<br>(င) ထုတ်လုပ်နိုင်စွမ်းအခြေအနေပြောင်းလဲလာမှု<br>(စ) အမြတ်နှင့် အရှုံးအခြေအနေပြောင်းလဲလာမှု<br>(ဆ) အလုပ်သမားခန့်ထားမှုအခြေအနေပြောင်းလဲလာမှု | |
| ၁၇။ ပြင်းထန်စွာထိခိုက်မှု သို့မဟုတ် ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်မှုနှင့် ယင်းအခြေအနေကိုဖြစ်စေသော သွင်းကုန်ပမာဏမြင့်တက်ခြင်း တို့အကြား ဖြစ်ပေါ်သည့်ကျိုးကြောင်းဆက်နွယ်မှုအား အထောက်အထားခိုင်လုံ စွာဖြင့် ဖော်ပြနိုင်ခြင်းမရှိပါက ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ ပြင်းထန်စွာ ထိခိုက်သည် သို့မဟုတ် ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်သည်ဟု ဆုံးဖြတ်ခြင်း မပြုရ။ | ၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ် သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုသို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်း တို့အကြား ဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့် ပြင်းထန်သောထိခိုက် နစ်နာမှုဖြစ်စေသည် သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်သည်ဟု ဆုံးဖြတ်ရမည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ၁၈။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်မဟုတ်ဘဲ အခြားသောအကြောင်း တစ်ခုခုကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူကို ထိခိုက်မှုဖြစ်ပေါ်စေသည့်အခါ ယင်းထိခိုက်မှုမျိုးကို သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်ဟု မမှတ်ယူရ။ | ၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်း ကြောင့် မဟုတ်ဘဲ အခြားသော အကြောင်းတစ်ခုခုကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းကို ထိခိုက်မှုနစ်နာမှုဖြစ်ပေါ်စေသည် ဟု စိစစ်တွေ့ရှိပါက ယင်းထိခိုက် နစ်နာမှုမျိုးကို သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့်ဟု ဆုံးဖြတ်ခြင်း မပြုရ။ | |
| **ပဏာမစည်းကြပ်ရန် သတ်မှတ်ခြင်း**<br>၁၉။ အကာအကွယ်ပေးမှုအစီအမံများ စည်းကြပ်မှုနှောင့်နှေးခြင်းကြောင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ထိခိုက်မှုသည် ပြန်လည်ပြင်ဆင်ရန် ခက်ခဲ နိုင်သော အရေးပေါ်အခြေအနေမျိုးတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပဏာမ စည်းကြပ်မှုတစ်ခုပြုလုပ်ရန် ကော်မတီသို့တင်ပြနိုင်သည်။ | | |
| **ယာယီအကာအကွယ်ပေးမှုအခွန်ကို စည်းကြပ်ခြင်း**<br>၂၀။ (က) ကော်မတီသည် အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီအတောအတွင်း ပုဒ်မ ၁၉ | **ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း**<br>၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိခိုက်နစ်နာမှုကို ကနဦး စိစစ် အကဲဖြတ်ချက်အရ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| အရ တင်ပြလာသော ပဏာမစည်းကြပ်ရန် သတ်မှတ်မှု အပေါ်အခြေခံ၍ သင့်တော်သည်ဟု ယူဆသော ယာယီအကာအကွယ်ပေးမှု အခွန်နှုန်းတစ်ခုကို စည်းကြပ်နိုင်သည်။<br>(ခ) ယာယီအကာအကွယ်ပေးမှုအခွန်ကို စတင်စည်းကြပ်သည့်နေ့မှ ရက်ပေါင်း(၂၀၀) ထက်ပို၍ အကျိုးသက် ရောက်မှုမရှိစေရ။<br>(ဂ) ဤပုဒ်မခွဲ (က)နှင့် ပုဒ်မ ၂၂ (က) အရ စည်းကြပ်သည့်အခွန်သည် သွင်းကုန်အပေါ်တွင် အခြားဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်နေ သည့် အခွန်အပြင် ထပ်တိုးကောက်ခံရမည့် အခွန်ဖြစ်သည်။<br>(ဃ) ဤပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၂(က)ပါအကာအကွယ်ပေးမှု အခွန် ကောက်ခံခြင်းတို့နှင့် ပုဒ်မ ၂၆ ပါ အခွန်ငွေပြန်အမ်းခြင်း တို့အား သက်ဆိုင်ရာအခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေများ၏ စည်း မျဉ်းများ | လုပ်ငန်းထိခိုက် နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲနိုင်သော အရေးပေါ် အခြေအနေပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေသည့်ကာလအတွင်း တင်သွင်းလာသည့် ကုန်စည်အပေါ် ယာယီစည်းကြပ်မှုပြုလုပ်ရန် ကော်မတီသို့ တင်ပြနိုင်သည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက် ရမည်။ | | |
| | ၂၅။ (က) ကော်မတီသည် အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ ၂၄ အရ သင့်လျော်သည့် ယာယီ ကာကွယ်ပေးမှု အကောက်ခွန်ကို စည်းကြပ်နိုင်သည်။<br>(ခ) ယာယီကာကွယ်ပေးမှုအကောက်ခွန် စည်းကြပ်ရာတွင် အများဆုံး ရက်ပေါင်း ၂၀၀ အထိသာ စည်းကြပ်နိုင် သည်။ | |
| **အခန်း(၇)**<br>**အကာအကွယ်ပေးမှုအစီအမံများဆုံးဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း အပြီးသတ်တွေ့ရှိချက်**<br>၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့၏အပြီးသတ်တွေ့ရှိချက်အား အကြံပြု ချက်များနှင့်တကွ | **အခန်း(၈)**<br>**ကာကွယ်ပေးမှုအစီအမံများဆုံးဖြတ်ခြင်းနှင့် ကျင့်သုံးအကောင်အထည်ဖော်ခြင်း**<br>**ကာကွယ်ပေးမှုအစီအမံများ ဆုံးဖြတ်ခြင်း**<br>၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ကော်မတီသို့ တင်ပြခြင်းနှင့် အပြီးသတ်တွေ့ရှိချက်အား အများ ပြည်သူသို့ အသိပေးကြေညာခြင်းများ ဆောင်ရွက်ရမည်။ | အပြီးသတ်တွေ့ရှိ ချက်အား အကြံပြုချက်များနှင့်တကွ ကော်မတီသို့ ဦးစီးဌာနမှတစ်ဆင့် တင်ပြရမည်။ | |
| | ၂၇။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်း သို့မဟုတ် ပြင်းထန်သော ထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်ခြင်း မရှိကြောင်း တွေ့ရှိပါက ယာယီကာကွယ် ပေးမှု အစီအမံကို ရပ်စဲရမည်။ | |
| **ကာကွယ်မှုအစီအမံများ ဆုံးဖြတ်ခြင်း**<br>၂၂။ ကော်မတီသည် သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့်ထိခိုက်မှု ဖြစ်ပွားကြောင်း အပြီးသတ်တွေ့ရှိချက်အရ ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါ အကာအကွယ်ပေးမှုအစီအမံများ အနက်တစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍ ဆောင် ရွက်နိုင်သည်-<br>(က) ဆုံးဖြတ်သည့် နှုန်းထားအတိုင်းအကာအကွယ်ပေးမှု အခွန်ကို ကောက်ခံခြင်း | ၂၈။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ထိခိုက်နစ်နာမှုဖြစ်ပွားကြောင်း တွေ့ရှိပါ က အောက် ဖော်ပြပါ ကာကွယ်ပေးမှုအစီအမံများအနက် တစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍ စည်းကြပ်နိုင်သည်-<br>(က) သတ်မှတ်သည့် နှုန်းထားအတိုင်း ကာကွယ်ပေးမှု အကောက်ခွန်ကို | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| (ခ) သွင်းကုန်ပမာဏ သတ်မှတ်ခြင်း | ကောက်ခံခြင်း၊<br>(ခ) သွင်းကုန်ပမာဏ ကန့်သတ်ခြင်း ။ | |
| | ၂၉။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများမှ လုပ်ငန်း ပြန်လည် တိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို ကာကွယ်ပေးရန်၊ ကုစားပေးရန်တို့အတွက် လိုအပ်သည့်အတိုင်းအတာအထိသာ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးနိုင်သည်။ | |
| ၂၃။ သွင်းကုန်ပမာဏကန့်သတ်ရာတွင် ယခင်(၃)နှစ် ဆက်တိုက်အတွင်း တင်သွင်းခဲ့သည့် ပျမ်းမျှ သွင်းကုန်ပမာဏကို တွက်ချက်ရမည်ဖြစ်ပြီး ကန့်သတ်သည့် သွင်းကုန်ပမာဏသည် ထိခိုက်မှုကိုကုစားရန် သို့မဟုတ် ကာကွယ်ရန်လုံလောက် သည်ဟု ထင်ရှားသည့် ကျိုးကြောင်းဖော်ပြချက် မရှိပါက ယခင်(၃)နှစ်ဆက်တိုက် အတွင်းတင်သွင်းခဲ့သည့် ပျမ်းမျှသွင်းကုန်ပမာဏထက် လျော့နည်း၍ ကန့်သတ် ခြင်းမပြုရ။ | **သွင်းကုန်ပမာဏ ကန့်သတ်ခြင်း**<br>၃၀။ ကော်မတီသည် ပုဒ်မ ၂၉ အရ ထိခိုက်နစ်နာမှုကို ကာကွယ် ပေးရန် သို့မဟုတ် ကုစားပေးရန် လုံလောက်သော ကျိုးကြောင်း ဖော်ပြချက် တွေ့ရှိပါက သွင်းကုန်ပမာဏ သတ်မှတ်ရာတွင် စစ်ဆေး ခြင်းခံရသည့် ကုန်စည်၏ လွန်ခဲ့သော ၃ နှစ် အတွင်း တင်သွင်းခဲ့သည့် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်းသော ကန့်သတ်ပမာဏကို သတ်မှတ်နိုင်သည်။ | |
| | ၃၁။ ကော်မတီသည် သွင်းကုန်ပမာဏ ကန့်သတ်မည်ဆိုပါက မြန်မာနိုင်ငံသို့ စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့ရောင်းချ ခြင်းဖြင့် အကျိုးစီးပွားအမြောက်အမြားရရှိနေသည့် အဖွဲ့ဝင်နိုင်ငံ အားလုံးနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူရမည်။ | |
| ၂၄။ စစ်ဆေးသည့်ကုန်စည်အားတင်ပို့သောနိုင်ငံသည် တစ်နိုင်ငံထက်ပိုပါက ကန့်သတ်သည့် သွင်းကုန်ပမာဏကို တစ်နိုင်ငံချင်းစီမှ ယခင်(၃)နှစ်အတွင်း တင်သွင်းခဲ့သော ပျမ်းမျှသွင်းကုန် ပမာဏ၏ရာခိုင်နှုန်းနှင့်အညီ တင်ပို့နိုင်ငံများ အကြား အချိုးကျစနစ်ဖြင့် ခွဲဝေသတ်မှတ်ရမည်။ | ၃၂။ ပုဒ်မ ၃၁ အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့် ပတ်သက်၍ သဘောတူညီမှုမရရှိပါက ကော်မတီသည် အဆိုပါ နိုင်ငံ များမှ လွန်ခဲ့သော ၃ နှစ် အတွင်း မြန်မာနိုင်ငံသို့ ယင်းကုန်စည်ကို တင်ပို့ရောင်းချခဲ့သည့် စုစုပေါင်းပမာဏ သို့မဟုတ် တန်ဖိုး၏အချိုး အပေါ်မူတည်၍ ကန့်သတ်ပမာဏကို ခွဲဝေသတ်မှတ်ရမည်။ | |
| | ၃၃။ စစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပြီး | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ယင်းနိုင်ငံများအပေါ် ကာကွယ်ပေးမှု အစီအမံကို ကျင့်သုံးခြင်းမပြုရ-<br>(က) ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံမှ တင်သွင်းလာသည့်ပမာဏ သည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်း ပမာဏ၏ ၃ ရာခိုင်နှုန်းထက်မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊<br>(ခ) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစု ပမာဏသည် ၃ ရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှုသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏ ၉ ရာခိုင် နှုန်းထက် ကျော်လွန်ခြင်းမရှိသည့် ဝေစုဖြစ်ခြင်း။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ၂၅။ ပုဒ်မ ၂၂ အရ အကာအကွယ်ပေးမှုအစီအမံများစည်းကြပ်ရာတွင် သွင်းကုန်အပေါ်ကောက်ခံသည့် အကာအကွယ်ပေးမှုအခွန်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး ဝန်ကြီးဌာနမှလည်းကောင်း၊ သွင်းကုန်ပမာဏသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနမှလည်းကောင်း ထုတ်ပြန်ထားသော စံသတ်မှတ်ချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | | |
| **အခွန်ငွေပြန်အမ်းခြင်း**<br>၂၆။ (က) စစ်ဆေးမှုအပြီးသတ်ပြီးနောက် စည်းကြပ်သည့် အကာအကွယ် ပေးမှုအခွန်သည် လက်ရှိစည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီအကာအကွယ်ပေးမှုအခွန်ထက် လျော့နည်းနေပါက ကွာခြား မှုကို တင်သွင်းသူထံသို့ ငွေပြန်အမ်းရမည်။<br>(ခ) သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများကို ထိခိုက်မှု သို့မဟုတ် ထိခိုက်စေရန် ခြိမ်းခြောက်မှုမရှိကြောင်း ထင်မြင်ယူဆပါက ပုဒ်မ ၁၈ အရ | **ယာယီကာကွယ်ပေးမှုအကောက်ခွန်ပြန်အမ်းခြင်း**<br>၃၄။ သက်ဆိုင်ရာဌာနသည် ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ ကော်မတီမှ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပါက နှောင့်နှေး ကြန့်ကြာမှု မရှိဘဲ ဆောင်ရွက်ရမည်-<br>(က) အပြီးသတ်စစ်ဆေးပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှု အကောက်ခွန်သည် စည်းကြပ် ကောက်ခံထားပြီးဖြစ်သည့်ယာယီကာကွယ်ပေး | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ<br>(မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ကောက်ခံထားသော ယာယီအကာအကွယ်ပေးမှုအခွန်ကို ပြန်အမ်း ရန် ဆုံးဖြတ်ရမည်။ | မှု အကောက်ခွန်ထက် လျော့နည်းပါက ကွာခြားမှု ပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊<br>(ခ) ပုဒ်မ ၂၇ အရ ကာကွယ်ပေးမှုအစီအမံရပ်စဲသည့် အခြေအနေတွင် ကောက်ခံထားသော ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ် ခြင်း။ | |
| | **အခန်း(၉)**<br>**အသိပေးအကြောင်းကြားခြင်းနှင့်**<br>**သတင်းအချက်အလက်တောင်းခံခြင်း**<br>**အသိပေးအကြောင်းကြားခြင်း**<br>၃၅။ ဦးစီးဌာနသည် ကော်မတီ၏ဆုံးဖြတ်ချက်အရ အသိပေးအကြောင်းကြားမှုကို အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-<br>(က) စုံစမ်းစစ်ဆေးခြင်း မပြုသည့် ဆုံးဖြတ်ချက်ကို တင်ပြလျှောက်ထားသူများနှင့် အကျိုးဝင် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ဆက်နွယ် သူများထံသို့ အကြောင်းကြားခြင်း၊<br>(ခ) စုံစမ်းစစ်ဆေးမှုစတင်မည့် ဆုံးဖြတ်ချက်ကို သင့်လျော်သော နည်းလမ်းဖြင့် အများပြည်သူသို့ အသိပေးခြင်း၊<br>(ဂ) ပုဒ်မ ၂၅ (က) အရ ယာယီကာကွယ်ပေးမှု အကောက် ခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အသိပေးခြင်း၊<br>(ဃ) ကော်မတီမှ ကာကွယ်ပေးမှုအစီအမံတစ်ခုကို ကျင့်သုံး ခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ယင်း ကုန်စည်တင်ပို့သည့်နိုင်ငံများ၊ အကျိုးဝင်ဆက်နွယ် သူများနှင့် အများပြည်သူသို့ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ သင့်လျော်သော နည်းလမ်းဖြင့် အသိပေး အကြောင်းကြားခြင်း၊ | |
| | ၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှု အစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကာကွယ်ပေးမှုကော်မတီသို့ နှောင့်နှေး ကြန့်ကြာမှုမရှိဘဲ အကြောင်းကြားပေးပို့ရမည်။ | |
| | **သတင်းအချက်အလက်တောင်းခံခြင်း**<br>၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူ နှင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့် အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာ နိုင်ငံ၏ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံ အချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်း တစ်ခုခုအရဖြစ်စေ တောင်းခံနိုင်သည်။ | |
| | ၃၈။ ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရသည် ပုဒ်မ ၃၇ အရ တောင်းခံမှုနှင့်စပ်လျဉ်း၍ တောင်းခံသည့် ကော်မတီသို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံသံရုံးမှ တစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြား သော နည်းလမ်းတစ်ခုခုအရဖြစ်စေ အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၁၅ ရက်အတွင်း သို့မဟုတ် ကော်မတီ၏ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ပံ့ပိုးပေးရမည်။ | |
| | ၃၉။ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်အရ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | လျှို့ဝှက်အချက်အလက်နှင့် သက်သေအထောက် အထားများကို အကျဉ်းချုပ်ပုံစံဖြင့် တင်ပြရန် တောင်းခံလာပါက ယင်းအချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြ ပေးပို့ရမည်ဖြစ်ပြီး ထိုသို့ပေးပို့နိုင်ခြင်းမရှိပါ က ခိုင်လုံသော အကြောင်း ပြချက်ဖြင့် တင်ပြရမည်။ | |
| | **အခန်း(၁၀)**<br>**ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**<br>**ကျင့်သုံးသည့်ကာလ**<br>၄၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့် ကာလသည် ပြည်တွင်းကုန်စည် ထုတ်လုပ်သည့်လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ရန်၊ ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည် တိုးတက်ရန်အတွက် လိုအပ်သောအချိန်ကာလအထိသာ ဖြစ်ရမည်။ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ၄၁။ ကာကွယ်ပေးမှုအစီအမံကျင့်သုံးရာတွင် -<br>(က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလ သည် အများဆုံး၄ နှစ်အထိသာ ကျင့်သုံးနိုင်သည်။<br>(ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က)ပါ အစီအမံ ကာလနှင့် သက်တမ်းတိုးကာလ အပါအဝင် အများ ဆုံး ၁၀ နှစ် အထိသာ ကျင့်သုံးနိုင်သည်။<br>(ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ် ကျင့်သုံးမည်ဆိုပါက မူလသက်တမ်း ကုန်ဆုံးပြီးနောက် အနည်းဆုံး ၂ နှစ် ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။ | |
| | ၄၂။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | လုပ်ငန်း ပြန်လည်တိုးတက်ရန် ဆောင်ရွက်နေသော သက်သေအထောက် အထားတင်ပြချက်များသည် သင့်လျော်သည်ဟု ယူဆပါက ကာကွယ် ပေးမှုအစီအမံ ကျင့်သုံးသည့်ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်းသက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့် အစီအမံသည် လက်ရှိကျင့်သုံးနေသည့် အစီအမံထက် ကျော်လွန်ခြင်းမပြုရ။ | |
| | ၄၃။ အောက်ဖော်ပြပါ အခြေအနေများပေါ်ပေါက်လာပါက ကော်မတီ သည် သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကို အများဆုံးရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းထက်လျော့နည်းသည့် ကာလအတွင်း ထပ်မံကျင့်သုံးနိုင်သည်-<br>(က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေး မှုအစီအမံ စတင်ကျင့်သုံးသည့်နေ့မှ အနည်းဆုံး ၁ နှစ်အထိ | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ကျင့်သုံးပြီးနောက် ရပ်ဆိုင်းသွားသည့် အခြေအနေ၊<br>(ခ) အစီအမံ စတင်ကျင့်သုံးသည့်နေ့မှ ၅ နှစ်အတွင်း တူညီသည့်ကုန်စည်အပေါ်တွင် နှစ်ကြိမ် ထက်ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။ | |
| | **အစီအမံကို ဖြေလျှော့ခြင်း**<br>၄၄။ ကော်မတီသည် ပုဒ်မ ၂၉ အရ ကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ်ထက်ကျော်လွန်သည့် ကိစ္စရပ်တွင် ယင်းအစီအမံကျင့်သုံးမှုကို အဆင့်ဆင့်ဖြေလျှော့ သတ်မှတ်နိုင် သည်။ | |
| | **ပြန်လည်သုံးသပ်ခြင်း**<br>၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့် ပတ်သက်၍ ဆက်လက်ကျင့်သုံးနိုင်ရန် အခါအားလျော်စွာ ပြန်လည် သုံးသပ်ခြင်း၊ ၃ နှစ် ထက်ကျော်လွန် ကျင့်သုံးသည့် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ကိစ္စရပ်နှင့် စပ်လျဉ်း၍ ယင်းသက်တမ်းတစ်ဝက်ထက်နောက်မကျစေဘဲ ပြန်လည် သုံးသပ်၍ ဆက်လက် ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ကော်မတီသို့ အစီရင်ခံ တင်ပြရမည်။ | |
| **ခွဲခြားဆက်ဆံခြင်းမရှိသော အကာအကွယ်ပေးမှုအစီအမံ စည်းကြပ်ခြင်း**<br>၂၇။ ပုဒ်မ ၂၆ အရ ပြဋ္ဌာန်းထားခြင်း မှအပ ပုဒ်မ ၁၉၊ ၂၀ သို့မဟုတ် ၂၂ အရ ကာကွယ်မှု အစီအမံတစ်ခုခုကို စည်းကြပ်ရာတွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ယင်းကုန်စည်များ၏ ပင်ရင်းနိုင်ငံ မရွေးသွင်းကုန်အားလုံးအပေါ် သက်ဆိုင်ရမည်။ | **ခွဲခြားဆက်ဆံခြင်းမရှိသော ကာကွယ်ပေးမှုအစီအမံ စည်းကြပ်ခြင်း**<br>၄၆။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်မှုအစီအမံကို ကျင့်သုံး ရာတွင် နိုင်ငံများအချင်းချင်းကြားတွင် ခွဲခြားဆက်ဆံခြင်း မပြုဘဲ ယင်းကုန်စည်များတင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန် ကိုမဆို အကျိုးသက်ရောက်မှုရှိစေရမည်။ | |
| **ဖွံ့ဖြိုးဆဲနိုင်ငံများမှ အဖွဲ့ဝင်များအား စည်းကြပ်ခွင့်** | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ<br>(မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ၂၈။ စစ်ဆေးသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပါက ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့်ကုန်စည်ပမာဏသည် ပြည်တွင်းသို့ တင်သွင်းသည့် ယင်းကုန်စည်စုစုပေါင်း၏ ၃ ရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစု(သို့မဟုတ်) သွင်းကုန်ဝေစု ၃ ရာခိုင်နှုန်းထက်နည်းသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းသည့် သွင်းကုန်စုစုပေါင်းသည် ပြည်တွင်းသို့ တင်သွင်းသည့် ယင်းကုန်စည်စုစုပေါင်း၏ ၉ ရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစုဖြစ်ပါက အကာအကွယ်ပေးမှုအစီအမံကို ကျင့်သုံးခွင့်မရှိစေရ။ | | |
| **အခန်း(၈)**<br>**အကာအကွယ်ပေးမှုအစီအမံကာလနှင့် ပြန်လည်သုံးသပ်ခြင်း**<br>**အချိန်ကာလ**<br>၂၉။ (က) ပုဒ်မ ၂၂ အရ စည်းကြပ်သည့် အကာအကွယ်ပေးမှု အစီအမံ | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| များသည် ပြင်းထန်စွာ ထိခိုက်မှုကို ကုစားရန်၊ ကာကွယ်ရန်နှင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ တိုးတက်မှုအနေအထားသို့ ရောက်ရှိနိုင်ရန် လိုအပ်သောအချိန်ကာလအတွက်သာလျှင် ဖြစ် ရမည်။<br>(ခ) ပုဒ်မ ၂၂ အရ စည်းကြပ်သည့် အကာအကွယ်ပေးမှုအစီအမံသည် အစောပိုင်းကာလတွင် ရုပ်သိမ်းခဲ့ခြင်းမရှိပါက ယင်းစည်းကြပ် သည့်နေ့မှစ၍ ၄ နှစ် ပြည့်မြောက် သည့်နေ့အထိ ကျင့်သုံးနိုင်သည်။ | | |
| ၃၀။ ပြည်တွင်းကုန်စည်ထုတ်လုပ်သူသည် ပြင်းထန်စွာထိခိုက်မှု သို့မဟုတ် ပြင်းထန်သောထိခိုက် နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်မှုအတွက် ပြန်လည် ပြင်ဆင် ရန်လိုအပ်သည်ဟု ကော်မတီမှယူဆပါက ယင်းစည်းကြပ်မှု ကာလကို သက်တမ်း တိုးနိုင်သည်။ | | |
| ၃၁။ သက်တမ်းတိုးသည့် ကာလသည် ပထမအကြိမ်စည်းကြပ်သည့်နေ့မှ စုစုပေါင်း ၁၀ နှစ်ထက် ကျော်လွန်ခြင်းမရှိစေရ။ သက်တမ်းတိုးသည့် ကာလအတွင်း ကျင့်သုံး သည့်အစီအမံသည် လက်ရှိ ကျင့်သုံးသည့် အစီအမံထက် မကျော်လွန်စေရ။ | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ၃၂။ သွင်းကုန်ပစ္စည်းများအပေါ် ယခင်ကျင့်သုံးပြီးသော အကာအကွယ်ပေးမှု အစီအမံကာလနှင့် ထပ်မံကျင့်သုံးသည့် အလားတူအကာအကွယ်ပေးမှုအစီအမံ ကာလတို့၏ ကာလအပိုင်းအခြားသည် အနည်းဆုံး (၂)နှစ် ဖြစ်ရမည်။ | | |
| ၃၃။ အောက်ဖော်ပြပါ အခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ရက်ပေါင်း(၁၈၀) သို့မဟုတ် ယင်းထက်လျော့နည်းသည့် ကာလ တို့ဖြင့် အကာအကွယ်ပေးမှုအစီအမံကို ထပ်မံ စည်းကြပ်နိုင်သည်-<br>(က) ယင်းသွင်းကုန်အပေါ် အကာအကွယ်ပေးမှုအစီအမံစတင် စည်းကြပ်သည့် နေ့မှ အနည်းဆုံး (၁) နှစ် ကျော်လွန်ခဲ့ခြင်း။<br>(ခ) ယင်းအစီအမံစည်းကြပ်မှုကို ရှေ့(၅) နှစ်တာကာလအတွင်း တူညီသည့်ကုန်စည်အပေါ် နှစ်ကြိမ်ထက်ပို၍ ကျင့်သုံးမှုမရှိခြင်း။ | | |
| **အစီအမံကို ဖြေလျှော့ခြင်း**<br>၃၄။ ကော်မတီသည် ပုဒ်မ ၂၂ အရ စည်းကြပ်သည့် အကာအကွယ်ပေးမှု | | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| အစီအမံကာလသည် တစ်နှစ် ကျော်လွန်ပါက ယင်းအစီအမံစည်းကြပ်သည့် ကာလအတွင်း ပုံမှန်ကြားကာလများ၌ အဆင့်ဆင့် ဖြေလျှော့နိုင်သည်။ | | |
| **ပြန်လည်သုံးသပ်ခြင်း**<br>၃၅။ **ကော်မတီသည်** အကာအကွယ်ပေးမှုအစီအမံနှင့်ပတ်သက်၍ ဆက်လက်စည်းကြပ်ရန်အတွက် လိုအပ်ချက်များကို အခါအားလျော်စွာ သုံးသပ် ခြင်းဖြစ်စေ၊ ၃ နှစ်ထက်ကျော်လွန်သည့်ကိစ္စတွင် ယင်းသက်တမ်း တစ်ဝက်ထက် နောက်မကျစေဘဲ ပြန်လည်သုံးသပ်ခြင်းဖြစ်စေဆောင်ရွက်၍ ဆက်လက် စည်းကြပ်ခြင်း သို့မဟုတ် ဖြေလျှော့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက် နိုင်သည်။ | | |
| | **အခန်း(၁၁)**<br>**နိုင်ငံတကာနှင့်ပတ်သက်၍ လိုက်နာရမည့်တာဝန်များ**<br>၄၇။ ဤဥပဒေသည် ၁၉၉၄ တွင် ပြဋ္ဌာန်းသော ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အထွေထွေသဘောတူညီချက်နှင့် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော<br>သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ<br>(မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ကာကွယ်ပေးမှု ဆိုင်ရာသဘောတူညီချက်များအပါအဝင် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းမှ ပြဋ္ဌာန်း ထားသော သဘောတူညီချက်များအရ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။ | |
| | ၄၈။ မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူညီချက်သို့မဟုတ် ဒေသတွင်းသဘောတူညီချက် တစ်ခုခုအရ အဖွဲ့ဝင်နိုင်ငံအနေဖြင့် လိုက်နာရန် ကတိပြုထားသည့် တာဝန်ဝတ္တရားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုများ ပေါ်ပေါက်လာပါက ယင်း သဘောတူညီချက်များပါ စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။ | |
| **အခန်း(၉)**<br>**အထွေထွေ**<br>**ဆုံးဖြတ်ချက်အား အကြောင်းကြားခြင်း** | **အခန်း(၁၂)**<br>**အထွေထွေ** | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| ၃၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အကာအကွယ်ပေးမှုအစီအမံတစ်ခုကို အဆုံးသတ်ရန်၊ စည်းကြပ်ရန် သို့မဟုတ် သက်တမ်းတိုးရန်တို့အတွက် အပြီးသတ် ဆုံးဖြတ်ရမည့်အချိန်တွင် ကော်မတီ၏ဆုံးဖြတ်ချက်နှင့် သက်ဆိုင်ရာ အသေးစိတ် အချက်အလက်တို့ကို ယင်းကုန်စည် တင်ပို့သည့်နိုင်ငံများနှင့် သက်ဆိုင်သူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပါအဝင် အများပြည်သူအား ချက်ချင်းအသိပေး အကြောင်းကြားရမည်။ | ၄၉။ ဤဥပဒေအရ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးနေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အများပြည်သူ အကျိုးရှိမရှိကို စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း သက်ဆိုင်သည့် သက်သေ အထောက်အထားများကို ကော်မတီမှ သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့် အညီ တင်ပြခွင့်ရှိသည်။ | |
| | ၅၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ် ကောက်ခံသည့် ကာကွယ်ပေးမှုအကောက်ခွန်နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ လည်းကောင်း ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ | |
| | ၅၁။ ပုဒ်မ၂၅ (က) နှင့်ပုဒ်မ ၂၈(က) ပါ အကောက်ခွန် | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|
| | ကောက်ခံ ခြင်းတို့နှင့် ပုဒ်မ ၃၄ ပါအခွန်ငွေပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာ အခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေတို့၏ စည်းမျဉ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကျင့်သုံး ဆောင်ရွက်ရမည်။ | |
| | ၅၂။ ဝန်ကြီးဌာနသည် ကော်မတီနှင့်စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်များကို ကျခံရမည်။ | |
| ၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်<br>(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။<br>(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။ | ၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်<br>(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။<br>(ခ) ဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော | |

| လွှတ်တော်သို့ယခင်ပေးပို့ခဲ့သော သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း) | ယခုပြန်လည်ပြင်ဆင်ထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) | ကျိုးကြောင်းဖော်ပြချက် |
| --- | --- | --- |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။<br>**(ပုံ) ထင်ကျော်**<br>**နိုင်ငံတော်သမ္မတ** | အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။<br>**(ပုံ) ထင်ကျော်**<br>**နိုင်ငံတော်သမ္မတ** | |

## သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (The Safeguard Law on Increased Imports ) မူကြမ်းနှင့်စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြချက်

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေမူကြမ်းအားUNESCAP ၏ နည်းပညာ အကူအညီရယူ၍ မူကြမ်းပြုစုခဲ့ပြီး ပထမအကြိမ်လွှတ်တော်သို့ ၂၀၁၅ ခုနှစ်တွင် တင်ပြခဲ့သော်လည်း ယင်းလွှတ်တော်ကာလအတွင်း ဆွေးနွေးမှုပြုလုပ်နိုင်ခြင်းမရှိခဲ့သဖြင့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော်သက်တမ်းကာလတွင် ထပ်မံတင်ပြရန် လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ အကာအကွယ်ပေးမှု ဥပဒေမူကြမ်းအား လက်ရှိအစိုးရအသစ်၏ မူဝါဒများနှင့် အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရေးနှင့် လုပ်ထုံးလုပ်နည်း အညီ ဆောင်ရွက်သွားရန် အစိုးရအဖွဲ့ရုံးမှ အကြောင်းကြားလာသဖြင့် ယင်းဥပဒေ မူကြမ်းနှင့် ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များနှင့် ဥပဒေအကြံပေးအဖွဲ့တို့နှင့် တွေ့ဆုံကာ ဥပဒေမူကြမ်းကို ချပြ ခြင်း၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၏ အကြံပြုချက်၊ သဘောထားမှတ်ချက်များ ရယူခြင်းကိုပြု လုပ်ကာ ဥပဒေမူကြမ်းအပေါ် ပြင်ဆင်ခဲ့ပါသည်။ ထို့နောက် WTO Rules Section နှင့် UNESCAP တို့ထံမှ အကြံပြုချက်များ ထပ်မံရယူခဲ့ပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ဆက်လက်ပေးပို့ အကြံ ပြုချက်များ တောင်းခံခဲ့ကာ ပြန်ကြားပေးပို့ လာသည့်အကြံပြု ချက်များဖြင့် ပြင်ဆင် ဖြည့်စွက်ကာ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ် ပါသည်။